စက်မှုဝန်ကြီးဌာနမှထုတ်ဝေသည်။

# ရွှေစက်မှုဂျာနယ်

The Golden Industrial Journal

အတွဲ ၇ ၊ အမှတ် ၉ ၊ ၂၀၁၄ ခုနှစ် ၊ မေလ

## ကျေးလက်ဒေသ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်






အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် မေလ ၆ ရက်နေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအောက်ရှိ အစုအဖွဲ့များနှင့်တွေ့ဆုံသည်။

စာမျက်နှာ ၂ သို့ -

အလုပ်ခွင်သစ်မှာ သိထားစရာ

စာ - ၄

ကျန်းမာရေးအတွက် အသီးမှာသရက်

စာ - ၈

ဆိုးကောင်းနှစ်ဝ လူ့ဘဝ

စာ - ၁၂








**မျက်နှာဖုံးမှ -**

ထိုသို့တွေ့ဆုံရာတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ အဖွဲ့ခေါင်းဆောင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ခံအရာရှိများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

စွန့်ဦးတီထွင် တိုင်းရင်းသားလုပ်ငန်းရှင်များ လွယ်လင့်တကူလုပ်ငန်းစတင်နိုင်ရေး မြေနေရာ၊ လျှပ်စစ်မီး၊ ရေ၊ လမ်းပန်းဆက်သွယ်ရေးစသည့် အခြေခံအဆောက်အအုံများ အရည်အသွေးမြင့်မားရေး၊ ဘဏ္ဍာငွေကြေးဖြည့်ဆည်းပေးနိုင်ရေး၊ ဒေသတွင်းဈေးကွက်နှင့် ကမ္ဘာလုံးဆိုင်ရာဈေးကွက်များသို့ ချိတ်ဆက်နိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်နှင့် သုတေသနလုပ်ငန်းလိုက် လုပ်ငန်းအဖွဲ့များဖွဲ့စည်းပေးပြီးဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းအဖွဲ့များအနေဖြင့် အဖွဲ့အလိုက်ဆောင်ရွက်ထားရှိမှုများနှင့် တွေ့ကြုံရသည့်အခက်အခဲများကို တင်ပြဆွေးနွေးပြီး အားလုံးကပေါင်းစပ်ညှိနှိုင်း၍ လက်တွေ့ကျကျအကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အဖွဲ့ခေါင်းဆောင် စက်မှုဒုတိယဝန်ကြီး ဦးမျိုးအောင်က Monitoring and Evaluation အဖွဲ့၏ လုပ်ငန်းတာဝန် (၄) ရပ်ချမှတ်ဆောင်ရွက်နေမှု၊ လုပ်ငန်းအဖွဲ့များ၏ အဖွဲ့အလိုက်လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ငွေကြေးအရင်းအနှီးလွယ်ကူသက်သာစွာရရှိရေး မူဝါဒချမှတ်



ရေးဦးစွာ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားဖြစ်ကြောင်း၊ အရည်အသွေးအရရောဈေးနှုန်းအရပါ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိသည့်ထုတ်ကုန်နှင့် ဝန်ဆောင်မှုများထုတ်လုပ်ပေးနိုင်သည့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအဖြစ် ရေရှည်ရပ်တည်သွားနိုင်ရန် လိုအပ်ကြောင်း၊ များဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ချမှတ်ထားသည့် မူဝါဒများအတိုင်း ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ အခြေပြုသည့် ပြည်တွင်းစက်မှုဇုန်များ၏လိုအပ်ချက်များကို ပြန်လည်သုံးသပ်မြှင့်တင်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်သာသည့်အခြေအနေများ ဖန်တီးပေးရန်လိုအပ်ကြောင်း၊ လုပ်ငန်းများထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန် ကဏ္ဍအဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်က လုပ်ငန်းစတင်ထူထောင်နိုင်ရေး အစုအဖွဲ့၏လုပ်ငန်းတာဝန် ( ၆ ) ရပ်ချမှတ်ထားရှိမှု၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် SME အေဂျင်စီများဖွဲ့စည်းထားရှိမှုနှင့်အေဂျင်စီရုံးများ ဖွင့်လှစ်ဆောင်ရွက်ပေးနေမှု၊ One Stop Service Center များ ဖွင့်လှစ်ဆောင်ရွက်နေမှုနှင့် မြေနေရာချထားမှုအခြေအနေများကိုလည်းကောင်း၊ အဖွဲ့ခေါင်းဆောင် စက်မှုဝန်ကြီးဌာနရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်ကိုယ်စား မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်း၊ လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် စက်မှုနှင့်သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်ဝင်း၊ SME ဥပဒေနှင့်ဆက်စပ်ဥပဒေများ ရေးဆွဲရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်

**စာမျက်နှာ ၃ သို့ -**










စာမျက်နှာ ၂ မှ -

ဦးသွင်မြင့်မောင်၊ Cluster Development အဖွဲ့ အဖွဲ့ခေါင်းဆောင် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်၊ စံချိန်စံညွှန်းသတ်မှတ်ရေးနှင့် အကောင်အထည်ဖော်ရေးအစုအဖွဲ့ အဖွဲ့ခေါင်းဆောင် မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းခိုင်မိုး၊ သတင်းအချက်အလက်ရရှိရေးနှင့် သုတေသနအဖွဲ့ အဖွဲ့ခေါင်းဆောင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတာဝန်ခံ အရာရှိကြီး ဦးကျော်စိုးဝင်းနှင့်ဈေးကွက်ထိုးဖောက်နိုင်ရေး မူဝါဒချမှတ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်စိုးတို့က အဖွဲ့အလိုက်လုပ်ငန်းတာဝန်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်တို့မှတင်ပြလာသည့် နည်းပညာ၊ စက်ပစ္စည်း၊ လျှပ်စစ်မီး၊ လမ်းပန်းဆက်သွယ်ရေး၊ အရင်းအနှီး၊ မြေနေရာစသည့် လိုအပ်ချက်အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့်မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယသမ္မတဦးညဏ်ထွန်းက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးမှာကြားပြီး အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြုပြင်ပြောင်းလဲရန် လိုအပ်သည်များကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီပြောင်းလဲရန်နှင့် မြို့ပြအသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများသာမက ကျေးလက်ဒေသ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကိုပါ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်အောင် တာဝန်ရှိသူအားလုံးကတက်ညီလက်ညီဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား အိန္ဒိယသံအမတ်ကြီး လာရောက်တွေ့ဆုံ



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား အိန္ဒိယနိုင်ငံသံရုံးမှသံအမတ်ကြီး H.E.Mr.Gautam Mukhopadhaya နှင့် အဖွဲ့သည် မေလ ၈ ရက်နေ့ နေ့လယ် ၁၂ နာရီခွဲတွင် ဝန်ကြီး ၏ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။ ဆွေးနွေးပွဲသို့ တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။

## စက်မှုဝန်ကြီး ဦးမောင်မြင့် တရုတ်နိုင်ငံမှဧည့်သည်အဖွဲ့အား လက်ခံတွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ MCC Myanmar Office, Chief Representative Ms. Song Yuying ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား မေလ ၇ ရက်နေ့ နေ့လယ် ၁ နာရီတွင် ဝန်ကြီး၏ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် စက်မှုဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ သံမဏိစက်ရုံစီမံကိန်းနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။ ဆွေးနွေးပွဲသို့ တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။

## စက်မှုဝန်ကြီးအား Global Integrated Service Ltd., နှင့်အဖွဲ့လာရောက်တွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား Global Integrated Service Ltd., မှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်သိန်းနှင့်အဖွဲ့သည် မေလ ၆ ရက်နေ့ ညနေ ၄ နာရီတွင် ဝန်ကြီး၏ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် လေယာဉ်၊ ရဟတ်ယာဉ်ပြုပြင်ထိန်းသိမ်းရေးနှင့်မွမ်းမံပြင်ဆင်ရေးအလုပ်ရုံ (MRO, Maintenance, Repair & Overhaul Station) တည်ထောင်ဆောင်ရွက်နိုင်ရေးအတွက် အမှတ် (၁၁) အကြီးစားစက်ရုံ (ထောက်ကြန့်) မြေနေရာအား ငှားရမ်းခွင့်ရရှိရေးနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။ ဆွေးနွေးပွဲသို့ တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် Original Group Co.Ltd., အား လက်ခံတွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် Original Group Co. Ltd., မှ ဥက္ကဋ္ဌ ဦးသာဌေးဦးဆောင်သောအဖွဲ့အား မေလ ၆ ရက်နေ့ ညနေ ၃ နာရီတွင် ဝန်ကြီး၏ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ် (၃၂) အကြီးစားစက်ရုံအား အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် Agreement of Discussion မူကြမ်းအား ပေးပို့တင်ပြခဲ့ပြီး ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။ ဆွေးနွေးပွဲသို့ တာဝန်ရှိသူများတက်ရောက်ကြကြောင်း သိရသည်။

# အလုပ်ခွင်သစ်မှာ သိထားစရာ




**အေးဖြူ**

အငြိမ်းစားပါမောက္ခကြီး ဦးမောင်မောင် တစ်ယောက်လာမည့်နေ့သည်ကို မျှော်နေတာမိုးလင်းကတည်းကပဲ။

'ဘယ်လိုဖြစ်တာလဲ၊ အမြဲအချိန်ကို တိတိကျကျ လေးလေးစားစားနဲ့ ရိုးသားကြိုးစား အလုပ်လုပ်တဲ့ငါ့ တပည့်က ဒီတစ်ခါကျတော့ နာမည်ပျက်ပြီ'

နာရီကြည့်လိုက်၊ အိမ်ဝင်ပေါက်ကြည့်လိုက်နဲ့ နှုတ်ကလည်းရေရွတ်နေတာကြာတော့ အိမ်ရှင်မက မနေနိုင်တော့။

'အထူးနေ့သည်လည်းမဟုတ်၊ ကိုယ့်အင်တာဗျူး လာမေးမှာကျနေတာပဲ၊ ကိုယ့်တပည့်ပဲဟာ၊ လာတော့တွေ့လိုက်ရုံပဲ၊ ခုခေတ်က ကားတွေကျပ်ကကျပ်သနဲ့၊ လမ်းပိတ်နေလို့ဖြစ်မှာပေါ့'

ဒီမှာတင် တပည့်ကြီးမောင်ဝင်း သုတ်သုတ်ပြာပြာနဲ့ ရောက်လာတယ်။

'ဆရာရယ်- ပြောကိုမပြောချင်တာ၊ အချိန်လေးစားလို့ သေချာတွက်ပြီး တစ်နာရီလောက်ကြိုထွက်တာကို ရပ်ကွက်ထဲနှစ်ကိုပ်ရှစ်ဆူလှည့်ဖို့ ရီဟာဇယ်နဲ့သွားကြုံတယ်'

'အေးအေး ရှိမှာပေါ့လေ။ ဘဝမှာ Unforseeable ကြို မမြင်နိုင်တဲ့အကြောင်းအရာတွေ ဖြစ်တတ်တာ၊ ဒါကြောင့် လုပ်ငန်းတွေမှာ Contingency Plan ဆိုတာ ရေးဆွဲကြတာလေ။ အရေးအကြောင်းရယ် ဖြစ်လာရင် လိုမယ့် Emergency စီမံကိန်းလိုမျိုး ထည့်ဆွဲကြရတာပဲ'

'ဟုတ်တယ်၊ ဟုတ်တယ်။ PLAN-A၊ PLAN-B တွေ လုပ်ကြရတာ နေရာတိုင်းလိုလိုပါပဲ'




'မင်းက ကုမ္ပဏီပြောင်းမယ်၊ ရာထူးလည်းလက်ရှိထက် မြင့်သွားတာဆိုတော့၊ တာဝန်ကမသေးဘူးနော့'

'ဒါကြောင့် ဆရာ့ဆီ အကူအညီတောင်းဖို့လာရတာ။ အလုပ်သစ်၊ နေရာသစ်မှာ လူသစ်တွေနဲ့တွဲလုပ်ရမှာမို့ ကျွန်တော်လည်း အစစအဆင်ပြေချင်ပါတယ်။ အကပ်အဖားနဲ့မဟုတ်ဘဲ အရည်အချင်းနဲ့ရောက်လာတာမို့ 'မိုးကျရွှေကိုယ်' ဆိုတဲ့ အမြင်စောင်းတာတော့ မရှိလောက်ဘူး မျှော်လင့်ရတာပဲ။ ဆရာ့အကြံဉာဏ်လည်း လိုပါတယ်၊ ကူညီပါဦး'

'အေး လူအများနဲ့လုပ်ကြရတဲ့ အဖွဲ့အစည်းတိုင်းမှာ Relationships ဆိုတဲ့ ဆက်ဆံရေးက အရေးကြီးဆုံးပဲ။ 'Soft-side' လို့ပြောကြတယ်။ မင်းက အထက်လူကြီးတစ်ယောက်အနေနဲ့သွားရမှာဆိုတော့ မင်းအောက်ကလူတွေနဲ့ ဆက်ဆံရေးချောဖို့လိုတယ်ကွာ။ မင်းဆီ တိုက်ရိုက်အစီရင်ခံကြမယ့် အလယ်အလတ်ဌာနမှူး၊



ခေါင်းဆောင်ငယ်တွေနဲ့ သဟဇာတဖြစ်ရမယ်။ သူတို့တွေအကြောင်း၊ နောက်ခံမိသားစု၊ အလုပ်လုပ်တဲ့ပုံစံ၊ ဝါသနာ၊ စိတ်ဝင်စားတာ- ဒါတွေကို တဖြည်းဖြည်း အရင်ဆုံးသိအောင်ကြိုးစားရမယ်'

'ဘာတဲ့ 'No one cares how much you know, until they know how much you care' '

'ကျွန်တော်သိတယ်၊ ဆရာပဲ ကျွန်တော်တို့ DMA အတန်းမှာပြောခဲ့ဖူးတာ။ သမ္မတ Theodore Roosevelt ပြောတာတဲ့။ ခေါင်းဆောင်အရည်အချင်းနဲ့ပတ်သက်ပြီးလေ။ ခေါင်းဆောင်တစ်ယောက် ဘယ်လောက်သိသိ၊ ဘယ်လောက်တော်တော် အရေးမပါဘူး။ သူ့လူတွေကို သူဘယ်လောက် အလေးထားဂရုစိုက်တယ်ဆိုတာ သူတို့သိလာ၊ သဘောပေါက်လာမှသာ ဒီဟာတွေကို သူတို့သတိထားလာမယ်ဆိုတဲ့ အဓိပ္ပာယ်မဟုတ်လား ဆရာရဲ့'

'ဒါတော့ မှတ်မိသားပါလား။ ဟုတ်တယ်။ ခေါင်းဆောင်က ငယ်သားတွေရဲ့တိုးတက်ဖို့ဆိုတဲ့ Growth တို့၊ အလုပ်အတွက် အကောင်းဆုံးအားထည့်ချင်လာအောင် စေ့ဆော်မှု Motivation တို့ ဆိုတာတွေက မလုပ်မဖြစ်လုပ်ရမယ့်ဟာတွေလေ။ သူတို့အကြောင်းသိမှ ထိရောက်အောင်လုပ်နိုင်မယ်။ အလုပ်ခွင်မှာက Diversity ဆိုတာ ရှိကိုရှိတယ်။ လူအမျိုးမျိုး၊ စိတ်အထွေထွေ၊ စီးပွား/ပညာ/ background အမျိုးမျိုးနဲ့ အခြေအနေအမျိုးမျိုးက လာကြတာလေ'

'ဟုတ်ပါပြီ ဆရာရေ။ အဖွဲ့အစည်းရဲ့ Culture ကိုလည်း သိချင်တယ်။ လုပ်ထုံးလုပ်နည်းပုံစံကလို့ အလုပ်ပတ်ဝန်းကျင်၊ ကျင်လည်လှုပ်ရှားနေတဲ့ သဘောတရား၊ ဗမာလိုပြောရတာ ခက်ပါတယ်ဆရာရယ်။ Culture ဆို အားလုံးပါသွားတာပဲမဟုတ်လား။ အရေးကြီးတဲ့ သိသင့်သိထိုက်တာတွေကို အချိန်တိုတိုနဲ့သိအောင် ဘယ်လိုလုပ်ရမလဲ ဆရာ၊ သိချင်ပါတယ်'

'တိုက်တိုက်ဆိုင်ဆိုင် ငါ့သူငယ်ချင်းတစ်ယောက်ဆီက စာအုပ်၊ ဒီမှာကြည့် 'The First 90 Days' တဲ့။ ဒီနေ့ပဲ ပြန်လာယူမှာမို့ မင်းကိုငှားပေးလို့မရတော့ဘူး'

မောင်ဝင်းက ကြုံရင်ဝယ်ခိုင်းရအောင် Author ကို မှတ်ထားလိုက်တယ်။ "Michael Watkin" ဆိုတဲ့သူရေးတာ၊ မကြားဖူးတဲ့ နာမည်ပဲလို့ထင်လိုက်တယ်။

'မဖတ်အားပါဘူး ဆရာရယ်။ ဆရာပဲ အကြမ်းဖျင်း ပြောပြပေးပါတော့'။ 'စာအုပ်ခေါင်းစဉ်က ပထမရက် ၉၀ တဲ့' သုံးလပေါ့။ သုံးလအတွင်းရောက်သွားတဲ့အဖွဲ့အစည်းရဲ့ Culture ကိုသိချင်ရင် အဓိကသုံးချက်ရှိတယ်တဲ့-

(1) Symbols (2) Norms (3) Assumptions

Symbols မှာ Logos တွေ၊ ဝတ်စားဆင်ယင်မှုစတိုင်လ်နဲ့ ပုံစံတွေပါမယ်။ ကိုယ့်ဌာန ကိုယ့်အဖွဲ့အစည်းကို ကိုယ်စားပြုတဲ့ သင်္ကေတမျိုးတွေပေါ့။

Norms ဆိုတာက မှန်ကန်တဲ့အပြုအမူ Right behaviour ကို လမ်းညွှန်ပေးတဲ့အားလုံးနဲ့ဆိုင်တဲ့ လူမှုရေးရာထုံးတမ်းစဉ်လာတွေပါမယ်။ Ethics ဆိုတဲ့ ကျင့်ဝတ်ဆိုင်ရာပိုင်းတွေလည်း တစ်ခါတည်းပါသွားမယ်။

Assumptions ဆိုတာက နှုတ်ကနေထုတ်မပြောပေမဲ့ အားလုံးကသဘောပေါက်လက်ခံထားတဲ့ ယူဆချက်မျိုးတွေဖြစ်တယ်လို့ပြောတယ်'

'အဓိကကတော့ ငါ့တပည့်ရယ်၊ အလုပ်ခွင်အသစ်ဆိုတာ မင်းကိုယ်၌ကလည်း အမြင်သစ်-a new set of eyes နဲ့သွားရမှာကွ။ မင်းလူတွေနဲ့အောင်မြင်တဲ့ Team တစ်ခု တည်ဆောက်ရမှာပဲ။ Team members တိုင်းက ကိုယ့်ကိုယ်ကိုယ် Team ambassadors အဖြစ်ခံယူချက်ရှိရမယ်။ Team နဲ့ဆိုင်တဲ့ကိစ္စအဝဝ Team အတွင်းမှာပဲ ဝိုင်းဝန်းအဖြေရှာမယ်။ ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြ အများသဘောတူဆုံးဖြတ်ချက်ရယူနိုင်ရမယ်။ ပြဿနာအခက်အခဲတစ်ခုခုဆိုရင်လည်း သီးခြားဌာနတွေ၊ အကြီးအကဲတွေဆီမရောက်စေဘဲ ပြဿနာရဲ့ Source ကိုတိုက်ရိုက်ရှာဖွေဖြေရှင်းတဲ့



အလေ့အကျင့်ကောင်းနဲ့ မင်းလူတွေကိုလက်တွဲခေါ်ပြီး ထောင်သွားနိုင်ဖို့ အရေးကြီးတယ်'

'ဒါလောက်ဆို ရလောက်ပြီထင်တယ်ဆရာ။ ဆရာ့ကျေးဇူးတွေတော့ မကုန်နိုင်အောင်ပါပဲ။ အကူအညီအမြဲလာတောင်းနေရတာ'

# ကိုရီးယားကြွေထည်ပစ္စည်းများ၊ နေရောင်ခြည်စွမ်းအင်သုံးပစ္စည်းများ ပြပွဲဖွင့်ပွဲကျင်းပ

ကိုရီးယားကြွေထည်ပစ္စည်းများ၊ နေရောင်ခြည်စွမ်းအင်သုံးပစ္စည်းများ ပြပွဲဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၂၆ ရက်နေ့ ညနေ ၆ နာရီက ရန်ကုန်မြို့၊ တာမွေမြို့နယ်ရှိ Chatrium Hotel Pool Side ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများဖြစ်သည့် ဗိုလ်ချုပ်ကျော်ညွန့်၊ ဦးသန်းဆွေနှင့် ဒေါ်စန္ဒာခင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ သံအမတ်ကြီးများ၊ ကိုရီးယားမှ ကြွေထည်ပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြပွဲအတွင်းခင်းကျင်းပြသထားသော ကိုရီးယားကြွေထည်ပစ္စည်းများ၊ နေရောင်ခြည်စွမ်းအင်သုံး မီးချောင်း၊ မီးသီးနှင့် လျှပ်စစ်ပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံ သံအမတ်ကြီး H.E.Mr.Lee Baek Soon က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး KD Power Co., Ltd. မှ Chairman of the board of Director Mr. Park Ki Ju က ပြပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် Korea New Excellent Technology Co., Ltd. မှ ဒုတိယဥက္ကဋ္ဌ Mr.Choi Sang Jon က နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ပစ္စည်းများ ခင်းကျင်းပြသထားခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကိုရီးယားသမ္မတနိုင်ငံမှလာရောက်သော ကြွေထည်ပညာရှင်ခြောက်ဦးကိုယ်စား Mr.Koun Young Yae ကကျေးဇူးတင်စကားပြောကြားကာ ကိုရီးယားကြွေထည်ပစ္စည်းများနှင့်ပတ်သက်၍ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

---

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် Diamond Palace Services Co., Ltd အား လက်ခံတွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် Diamond Palace Services Co., Ltd မှ ဥက္ကဋ္ဌ ဦးသိန်းသန်းနှင့်အဖွဲ့အား ဧပြီလ ၃၀ ရက်နေ့ နေ့လယ် ၁ နာရီတွင် ဝန်ကြီး၏ရုံးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် Diamond Palace Services Co., Ltd နှင့်ပြည်ပကုမ္ပဏီများ အကျိုးတူပူးပေါင်းပြီး JV/BOT စနစ်ဖြင့် မြန်မာနိုင်ငံတွင် ကျောက်မီးသွေး (သို့) သဘာဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စက်ရုံတည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။ ဆွေးနွေးပွဲသို့ တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။

## စက်မှုဝန်ကြီးအား A &M Co., Ltd မှ လာရောက်တွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား A & M Co., Ltd မှ Managing Director Mr. Jesse Jr.Lim ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဧပြီလ ၃၀ ရက်နေ့ နေ့လယ် ၂ နာရီတွင် ဝန်ကြီး၏ရုံးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာ၌ မြောင်းတကာစက်မှုဇုန်တွင် Galvanizing Factory Project ပြုလုပ်မည့်ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးသည်။ ဆွေးနွေးပွဲသို့ တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။

## နှစ်နိုင်ငံကုန်သွယ်မှုနှင့် စက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး ဆွေးနွေးရန်နှင့် စက်မှုလုပ်ငန်းများလေ့လာရန် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ဗီယက်နမ်နိုင်ငံသို့သွားရောက်ခဲ့

ဗီယက်နမ်နိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး Mr. Vu Huy Hoang ၏ဖိတ်ကြားချက်အရ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် နှစ်နိုင်ငံကုန်သွယ်မှုနှင့် စက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး ဆွေးနွေးရန်နှင့် စက်မှုလုပ်ငန်းများလေ့လာရန် ဗီယက်နမ်နိုင်ငံသို့ မေလ ၁၁ ရက်နေ့ နေ့လယ်ပိုင်းတွင်ထွက်ခွာခဲ့ပြီး မေလ ၁၅ ရက်နေ့ ညပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဟိုချီမင်းမြို့ရှိ Vitin ဖိနပ်စက်ရုံ၊ ဟနွိုင်းမြို့ရှိ VINATEX အထည်ချုပ်စက်ရုံနှင့် VNSTEEL သံမဏိစက်ရုံများ၊ VINACHEM (Vietnam National Chemical Group) သို့ သွားရောက်ကြည့်ရှုလေ့လာပြီး ဗီယက်နမ်အစိုးရအဖွဲ့မှ ဒုတိယဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ BIDV ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ်နှင့် ဆွေးနွေးခြင်းတို့ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Vu Huy Hoang နှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏စက်မှုလက်မှုကဏ္ဍရပ်များတွင် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် အခွင့်အလမ်းများကိုရှင်းလင်းပြောကြားခဲ့ပြီး လာရောက်ရင်းနှီးမြှုပ်နှံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဖိတ်ခေါ်ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် VEAM Corporation ဗီယက်နမ်အင်ဂျင်နှင့် စက်မှုလယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်ရေးကော်ပိုရေးရှင်းသို့လည်း သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

QUALITY IS A NEVER ENDING JOURNEY

ဆောင်းပါး

# အသက်မွေးမှု အတတ်ပညာသင်တန်းကျောင်း
## (Center for Vocational Training - CVT Myanmar)

ဒေါက်တာလပြည့်ခင်



**ယခင်တစ်ပတ်မှအဆက်-**

CVT သင်တန်းများ၏ အတန်းသစ်များကို နှစ်စဉ် နှစ်တိုင်းမေလတွင် စတင်ဖွင့်လှစ်ပါသည်။ သင်တန်းအမျိုးအစားများမှာ စီးပွားရေးအတတ်ပညာအထောက်အကူပြုသင်တန်း (Commercial Assistant)၊ လျှပ်စစ်ကျွမ်းကျင်မှုပညာသင်တန်း (Electrician Profession)၊ ပရိဘောဂပြုလုပ်မှုအတတ်ပညာသင်တန်း၊ ဟိုတယ်နှင့်ဝန်ဆောင်မှုဆိုင်ရာ အတတ်ပညာသင်တန်း (Hotel & Gastronomy Profession) နှင့်သတ္တုပစ္စည်းထုတ်လုပ်မှုအတတ်ပညာသင်တန်း (Metal Worker) တို့ဖြစ်ပါသည်။ သင်တန်းကာလ ၃ နှစ်ကို အလုပ်သင်သင်တန်းသားအဖြစ် အောင်မြင်စွာတက်ရောက်နိုင်ပြီး အတန်းတင်စာမေးပွဲကို စာတွေ့လက်တွေ့အောင်မြင်လျှင် အာဆီယံအဆင့် ဒီပလိုမာအောင်လက်မှတ်ချီးမြှင့်ခြင်းခံရကာ မိမိဘ၏အနာဂတ်ကို အငယ်တန်းအသက်မွေးမှုပညာရှင်အဖြစ် ရပ်တည်နိုင်ပါမည်။ သင်တန်းတက်ရောက်ရမည့်အချိန်မှာ တစ်ပတ်လျှင်တစ်ရက်ဖြစ်ပြီး သက်ဆိုင်ရာလုပ်ငန်းခွင်ရှိ စီမံခန့်ခွဲသူများ၏ သဘောတူခွင့်ပြုချက်ရှိရပါမည်။ အသက်ကန့်သတ်ချက်ကို လုပ်ငန်းများလိုအပ်ချက်အရ ညှိနှိုင်းပြီး ၂၅ နှစ်အထိ လျှောက်ထားနိုင်ပါသည်။ သတ္တုပစ္စည်းထုတ်လုပ်မှုအတတ်ပညာသင်တန်းနှင့် ပရိဘောဂပြုလုပ်မှုအတတ်ပညာသင်တန်းအတွက် ပညာအရည်အချင်း ၈ တန်းအောင်မြင်ရမည်ဖြစ်ပြီး စီးပွားရေးပညာအထောက်အကူပြုသင်တန်း၊ ဟိုတယ်နှင့်ဝန်ဆောင်မှုဆိုင်ရာ အတတ်ပညာသင်တန်းနှင့် လျှပ်စစ်ကျွမ်းကျင်မှုပညာသင်တန်းများအတွက် ၁၀ တန်းအထိ ပညာသင်ပြီးသူများ လျှောက်ထားနိုင်ပါသည်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် သင်တန်းသား/သူ ၅၀၀ ခန့် လက်ခံသင်ကြားပေးနေပါသည်။

**စီးပွားရေးပညာအထောက်အကူပြုသင်တန်း (Commercial Assistant-CA)**

စီးပွားရေးပညာအထောက်အကူပြုသင်တန်း (Commercial Assistant-CA) ကို ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ စီးပွားရေးနယ်ပယ်အသီးသီးမှလူငယ်များ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျွမ်းကျင်ဝန်ထမ်းများဖြစ်လာစေရန် ဆွစ်ဇာလန်နိုင်ငံမှ အလှူရှင်များ၏အထောက်အပံ့ဖြင့် ဖွင့်လှစ်ခဲ့ပါသည်။ ပြည်တွင်းမှ လုပ်သက်ရင့်အတွေ့အကြုံရှိ အရည်အချင်းပြည့်ဝသော ဆရာ၊ ဆရာမများနှင့်ဆွစ်ဇာလန်နိုင်ငံမှကျွမ်းကျင်ပညာရှင်များ ပူးပေါင်းသင်ကြားနေသောသင်တန်းဖြစ်ပါသည်။ သင်တန်းပြီးဆုံးသူများသည် ပြည်တွင်းပြည်ပရှိ စီးပွားရေးလုပ်ငန်းခွင်များတွင် အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိလျက်ရှိပြီး ကြီးကြပ်မန်နေဂျာရာထူးများအပြင် တချို့မှာ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းရှင်များအသွင်ဖြင့် အောင်မြင်ကျွမ်းကျင်အရည်အသွေးပြည့်ဝစွာ အသက်မွေးဝမ်းကျောင်းပြုနေကြပြီဖြစ်ပါသည်။ တက်ရောက်မည့်သင်တန်းသားများ၏ သုံးနှစ်တာကာလအတွင်း သင်ယူရမည့်ဘာသာရပ်များမှာ စီးပွားရေးဆိုင်ရာဘာသာရပ်များဖြစ်သော ဘဏ္ဍာရေးစာရင်းကိုင်ဘာသာ (Financial Accounting)၊ ဘောဂဗေဒ/စီးပွားရေးပညာ (Economic)၊ စီးပွားရေးဆိုင်ရာပထဝီဝင် (Economic Related Geography)၊ လုပ်ငန်းစီမံခန့်ခွဲမှုနှင့် စီးပွားရေးဆိုင်ရာဥပဒေပညာများ (Business Administration & Legal Matter)၊ အင်္ဂလိပ်စာ (English)၊ ကွန်ပျူတာ (Computer)၊ မြန်မာစာဘာသာရပ်နှင့် ဝန်ထမ်းဘဝကျွမ်းကျင်လက်စွဲ (Information & Life Skill) စသည့်ဘာသာရပ်များဖြစ်ပါသည်။ ထို့အပြင် သီအိုရီနှင့်လက်တွေ့ပူးပေါင်းကာ စီးပွားရေးအမြင်ဗဟုသုတများပေးနိုင်ရန် စီးပွားရေးလုပ်ငန်းခွင်များသို့ လေ့လာရေးခရီးများကို စာသင်နှစ်အတွင်းသွားရောက်လေ့လာရပြီး ကျောင်းသူ/သားတိုင်းသည် အဖွဲ့လိုက်မှတ်တမ်းစာစောင် (Plant Trip Report) ကိုနောက်ဆုံးဒီပလိုမာအဆင့်အထိ တင်သွင်းရမည်ဖြစ်သည်။ စီးပွားရေးပညာအထောက်အကူပြုသင်တန်းကို ကုန်သွယ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများနှင့် ကုမ္ပဏီများရှိငွေစာရင်းဌာန၊ စီမံဌာန၊ အရောင်းနှင့် ဈေးကွက်ရှာဖွေရေးဌာနနှင့်ဆက်စပ်ဌာနများစသောနေရာများတွင် လုပ်ကိုင်နေသူများနှင့် လူငယ်အလုပ်သင်အဖြစ် လုပ်ကိုင်နေသူများလျှောက်ထားနိုင်ပါသည်။ အလုပ်ဌာနမရှိသေးသော်လည်း အမှန်တကယ်သင်ယူချင်ပြီး အလုပ်သင်အဖြစ်လေ့လာသင်ယူလိုသူများလည်း လျှောက်ထားနိုင်ပါသည်။ သင်တန်းတက်ရောက်စဉ်ကာလအတွင်း လိုအပ်သည့်စာရွက် စာတမ်းကြေးများမှအစ မည်သည့်ငွေကြေးတစ်စုံတစ်ရာ ကောက်ခံခြင်းမရှိပါ။

**ဟိုတယ်နှင့်ဧည့်ဝတ်ပြုမှုဆိုင်ရာအတတ်ပညာသင်တန်း (Hotel & Gastronomy Profession)**

ဟိုတယ်နှင့်ဧည့်ဝတ်ပြုမှုဆိုင်ရာအတတ်ပညာသင်တန်း (Hotel & Gastronomy Profession) ကို ၂၀၀၇ ခုနှစ်တွင် စတင်ခဲ့ပါသည်။ ယခုအချိန်တွင် ပြည်တွင်းလုပ်သက်ရင့် အတွေ့အကြုံပြည့်ဝသောဆရာ/ဆရာမများနှင့် ဆွစ်ဇာလန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များပူးပေါင်း၍ သင်ကြားပေးပြီး သင်တန်းဆင်းကျောင်းသားများကို အာဆီယံနိုင်ငံအဆင့်နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အသိအမှတ်ပြုဒီပလိုမာအောင်လက်မှတ်များ ချီးမြှင့်ပါသည်။ သင်တန်းပြီးဆုံးသူများမှာလည်း ပြည်တွင်းပြည်ပရှိ ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်းပိုင်းဆိုင်ရာများတွင် ကြီးကြပ်မန်နေဂျာရာထူးများဖြင့် အောင်မြင်စွာအသက်မွေးဝမ်းကျောင်းပြုနေကြပြီဖြစ်သည်။ ယခင်က လုပ်ငန်းခွင်သို့ရောက်ရှိပြီး (လက်တွေ့သင်တန်းအလုပ်အကိုင်နေရာရရှိပြီး) သူများကိုသာ ကျွမ်းကျင်မှုနှင့်ဗဟုသုတပိုင်းဆိုင်ရာ တိုးတက်မှုရှိလာအောင် လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။ ယခုအချိန်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အထောက်အပံ့ပေးမှုနှင့် ဖွံ့ဖြိုးတိုးတက်လာသော ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်းများ၏လိုအပ်ချက်အရ ကျွမ်းကျင်သော ဟိုတယ်ဝန်ထမ်းတစ်ယောက်ဖြစ်လိုပြီး အမှန်တကယ်အလုပ်အကိုင်လိုအပ်နေသော လူငယ်များအတွက် CVT သင်တန်းကျောင်းမှ အလုပ်သင်သင်တန်းသားအဖြစ် လက်တွေ့လုပ်ငန်းခွင် (ဟိုတယ် (သို့) စားသောက်ဆိုင်) နေရာများကို လေ့ကျင့်သင်တန်းပေးရန် ဆက်စပ်ဆောင်ရွက်ပေးပါသည်။ သင်ကြားရမည့်ဘာသာရပ်များမှာ အစားအစာချက်ပြုတ်ခြင်း (Food Production)၊ အစားအစာနှင့်အဖျော်ယမကာတည်ခင်းဧည့်ခံခြင်း (Food & Beverages Service)၊ ဧည့်ကြိုဝန်ဆောင်မှုပေးခြင်းနှင့် အိပ်ခန်းဆောင်ထိန်းသိမ်းခြင်း (Front Office Sample and Housekeeping Operations) စသည့်ဘာသာရပ်များအပြင် အခြားလိုအပ်ချက်များဖြစ်သော ဟိုတယ်လုပ်ငန်းခွင်သုံးအင်္ဂလိပ်စာ (Hotel English)၊ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ (IT and Hotel Software)၊ ကျင့်ဝတ်နှင့်အပြုအမူ (Etiquette & Tourism)၊ လေ့လာသင်ယူခြင်းအတတ်ပညာ၊ ဧည့်ဝတ်ပြုမှုလုပ်ငန်း၏အခြေခံ၊ ပထဝီအနေအထား၊ စီးပွားရေးပညာနှင့် ဟိုတယ်စီမံအုပ်ချုပ်မှုဘာသာရပ်များကိုပါ သင်ကြားရမည်ဖြစ်သည်။ စာသင်နှစ် ၃ နှစ်တာကာလအတွင်း ပညာရပ်ဆိုင်ရာ အထူးပြုဘာသာရပ်များတွင် အစားအစာသန့်ရှင်းမှုနှင့် အာဟာရတန်ဖိုး၊ ကုန်ကြမ်းဝယ်ယူထိန်းသိမ်းမှုနှင့်ပြင်ဆင်မှု၊ လုပ်ငန်းသုံးကိရိယာများ၊ ပစ္စည်းများအား အကျိုးရှိစွာအသုံးချခြင်း၊ အခြေခံချက်ပြုတ်နည်းနှင့် နံနက်စာပြင်ဆင်နည်း၊ သာမန်နှင့်အဆင့်မြင့်အစားအစာမီနူးများ ပြင်ဆင်ခြင်းနှင့်ချက်ပြုတ်ခြင်း၊ မုန့်မျိုးစုံထုတ်လုပ်မှုနှင့်ပြင်ဆင်မှု၊ လုပ်ငန်းခွင်သုံးစာရင်းအင်းများနှင့် ထိန်းသိမ်းမှုပုံစံများကိုလည်းကောင်း၊ အထွေထွေပညာရေးဆိုင်ရာဘာသာရပ်များတွင် ကွဲပြားခြားနားသော အစားအစာဝန်ဆောင်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ အပူအအေးဖျော်ရည်များပြင်ဆင်ခြင်းနှင့် ဝန်ဆောင်မှုပေးပုံ၊ နံနက်စာ၊ နေ့လယ်စာနှင့် ညစာအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ အဖျော်ယမကာများပြင်ဆင်ခြင်းနှင့်ဝန်ဆောင်မှုပေးပုံ၊ မတူညီသောအစားအစာဝန်ဆောင်မှုလုပ်ငန်းများ၊ အစားအစာအော်ဒါမှာယူခြင်း၊ ငွေပေးချေခြင်းနှင့် စစ်ဆေးရေးပုံစံများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း

စာမျက်နှာ ၇ သို့ -

စာမျက်နှာ ၆ မှ -

ဗဟုသုတ၊ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဗဟုသုတ၊ ဧည့်ဝတ်ပြုဝန်ဆောင်မှုလုပ်ငန်းများ၏ အခြေခံအတွေးအခေါ်၊ ဟိုတယ်နှင့်ခရီးသွားဆက်စပ်လုပ်ငန်းများကိုလည်းကောင်း၊ လက်တွေ့လေ့ကျင့်မှုသင်တန်းတွင် တစ်ကိုယ်ရည်သန့်ရှင်းသပ်ရပ်မှု၊ လုပ်ငန်းခွင်ဘေးအန္တရာယ်များမှ ဘေးကင်းလုံခြုံရေး၊ အရေးပေါ်အခြေအနေများတွင်ဆောင်ရွက်ချက်၊ ဧည့်သည်နှင့်ဆက်ဆံနည်း၊ အစားအစာချက်ပြုတ်ခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လာနိုင်စေရန်၊ နံနက်စာ၊ နေ့လယ်စာ၊ ညစာ ပြင်ဆင်ကျွေးမွေးခြင်းကို စီမံဆောင်ရွက်နိုင်စေရန်လည်းကောင်း၊ ဟိုတယ်အုပ်ချုပ်မှုပိုင်းတွင် လူ့စွမ်းအားအရင်းအမြစ်စီမံအုပ်ချုပ်မှု၊ ခရီးသွားလာရေးနှင့်ပတ်သက်သည့် ဈေးကွက်မြှင့်တင်မှုကျွမ်းဝင်ခြင်း၊ ဘဏ္ဍာရေးနှင့်ပတ်သက်သည့် လုပ်ဆောင်ချက်များကိုစောင့်ကြည့်ခြင်း၊ ခေါင်းဆောင်မှုနှင့် အုပ်ချုပ်မှုစွမ်းရည်များကိုလည်းကောင်း၊ ဧည့်ကြိုဌာန၏ လုပ်ငန်းစဉ်များနှင့် စာရင်းတွက်ချက်မှုများအပိုင်းတွင်လည်း တယ်လီဖုန်းကိုင်တွယ်အသုံးပြုမှုစွမ်းရည်များ၊ ဧည့်စာရင်းမှတ်ပုံတင်ခြင်းနှင့် ပြန်လည်ထွက်ခွာရာတွင် ပြုလုပ်ရမည့်အချက်များ၊ ဧည့်သည်မကျေနပ်မှုပြဿနာများ ကိုင်တွယ်ဖြေရှင်းနည်း၊ စာရင်းဇယားအချက်အလက်များ တွက်ချက်ခြင်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးဌာန၏ လုပ်ငန်းစဉ်များ၊ သန့်ရှင်းရေးသုံးပစ္စည်းနှင့် ဓာတုပစ္စည်းများစစ်ဆေးနည်း၊ အခန်းများနှင့်မျက်နှာပြင်များ၏ သန့်ရှင်းရေးပြုလုပ်နည်း၊ အဝတ်လျှော်သည့်နေရာနှင့် သက်ဆိုင်သည့်ဥပဒေများနှင့်အစွန်းအထင်းဖယ်ရှားမှုများ၊ ဧည့်ခန်းဆောင်ထိန်းသိမ်းရေးဝန်ဆောင်မှုနှင့်ပတ်သက်သည့် အထွေထွေထောက်ပံ့မှုများကိုလည်းကောင်း သင်ကြားရမည်ဖြစ်ပါသည်။ စာသင်နှစ်၏ နောက်ဆုံးနှစ်တွင် ရေးဖြေ၊ နှုတ်ဖြေနှင့် လက်တွေ့သရုပ်ပြစာမေးပွဲများကို ဖြေဆိုကြရပြီး အောင်မြင်ပါက သင်တန်းဆင်းဒီပလိုမာလက်မှတ်ချီးမြှင့်ခြင်းခံရပါမည်။ ဟိုတယ်များနှင့်စားသောက်ဆိုင်များတွင် လုပ်ကိုင်နေသူလူငယ်များသည် သက်ဆိုင်ရာဌာန၏ခွင့်ပြုချက်ဖြင့် ထိုနယ်ပယ်ကို စိတ်ဝင်စားသူများ မည်သူမဆို လျှောက်ထားနိုင်ပါသည်။

**လျှပ်စစ်ကျွမ်းကျင်မှုအတတ်ပညာသင်တန်း (Electrician Profession)**

လျှပ်စစ်သည် ယနေ့ခေတ်မီသောလူနေမှုဘဝတွင် အလွန်အရေးပါအသုံးဝင်ပြီး အန္တရာယ်ကြီးသော ဂရုတစိုက်စနစ်တကျလုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းမျိုးလည်းဖြစ်ပါသည်။ ထို့ကြောင့် ကောင်းမွန်စွာ လေ့ကျင့်ပျိုးထောင်ထားသော ကျွမ်းကျင်လျှပ်စစ်လုပ်သားသည် လုပ်ငန်းဆောင်တာများနှင့် လျှပ်စစ်ကို နေ့စဉ်ဘေးကင်းလုံခြုံစွာ အသုံးပြုတတ်ရန်လိုအပ်ပါသည်။ လျှပ်စစ်လုပ်ငန်းနယ်ပယ်များမှ လူငယ်များကို ကျွမ်းကျင်သော လျှပ်စစ်လုပ်သားဖြစ်လာစေရန် ရည်ရွယ်၍ ဆွစ်ဇာလန်နိုင်ငံမှ အလှူရှင်များ၏အထောက်အပံ့ဖြင့် လျှပ်စစ်ကျွမ်းကျင်မှုအတတ်ပညာသင်တန်း (Electrician Profession) ကို ၂၀၀၅ ခုနှစ်၊ မေလမှစတင်၍ EL1 ဟုခေါ်ဆိုကာ ကျောင်းသားဦးရေ ၂၅ ယောက်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ယခုအခါ EL9 အထိ ဖွင့်လှစ်လျက်ရှိပြီး ၉ နှစ်တာကာလအတွင်း ကျောင်းသားဦးရေ ၉၀ ခန့်ဖြင့် သင်ကြားလျက်ရှိသည်။ သင်ခန်းစာများကို ပြည်တွင်းရှိ ဆရာ/ဆရာမများက သင်ကြားပေးပါသည်။ ထို့အပြင် EL Profession အတွက် ဆွစ်ဇာလန်နိုင်ငံမှ ကျောင်းဆရာ ၄ ဦးမှ သက်ဆိုင်ရာလျှပ်စစ်ဘာသာရပ်များ၏ Expert Teacher များအဖြစ် နှစ်စဉ် CVT သို့လာရောက်၍ သင်တန်းပေးလျက်ရှိပါသည်။ နှစ်စဉ်နှစ်တိုင်း CVT Myanmar မှ ဆရာ/ဆရာမများကို ဆွစ်ဇာလန်နိုင်ငံမှ ဆရာအတတ်ပညာသင်တန်းမှ Dr. Martin နှင့် Dr. Hans Furrer တို့က သင်ကြားပုံစနစ်များကို Teacher Training အဖြစ် လာရောက်သင်ကြားပေးလျက်ရှိပါသည်။ သင်တန်းကို (၁) လုပ်ငန်းခွင်၊ (၂) စာတွေ့ဆိုင်ရာပညာရပ်များကို CVT တွင် သင်ကြားခြင်းနှင့် (၃) လက်တွေ့သင်ကြားမှုဟူသော မဏ္ဍိုင်အပေါ်တွင် အခြေခံထားပါသည်။ (၁) လုပ်ငန်းခွင်သင်တန်းသားသည် တစ်ပတ်လျှင် ၄ ရက် (သို့) ၅ ရက် လျှပ်စစ်လုပ်ငန်းလုပ်ကိုင်နေပါသည်။ (၂) စာတွေ့ပညာရပ်ကို တစ်ပတ်လျှင်တစ်ရက်ဖြင့် CVT တွင်သင်ကြား၍ (၃) လက်တွေ့သင်ကြားမှုကို တစ်လလျှင်နှစ်ပတ်နှုန်းဖြင့် လေ့လာကြရမည်ဖြစ်ပြီး၊ သင်တန်းကာလမှာ ၃ နှစ်ကြာမည်ဖြစ်ပါသည်။ စာတွေ့အနေဖြင့် Electro Technique, Material Knowledge, Electro Technical Drawing, Norms & Standards, Engineering Physics, Chemistry and Mathematics စသည့် လျှပ်စစ်ဆိုင်ရာဘာသာရပ်များကို သင်ကြားရမည့်အပြင် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတစသော အထောက်အကူပြုဘာသာရပ်များကိုလည်း လေ့လာကြရပါမည်။

ပညာရပ်ဆိုင်ရာ အထူးပြုဘာသာရပ်များကိုလည်း အသေးစိတ်သင်ကြားပြသပေးပြီး သင်တန်း ၃ နှစ်တာကာလပြီးဆုံးသည့်အခါ စာတွေ့နှင့်လက်တွေ့စာမေးပွဲများကို ဖြေဆိုကြရပါမည်။ စစ်ဆေးမှုများကို အောင်မြင်စွာဖြေဆိုပြီးလျှင် သင်တန်းသားများသည် Professional Certificate လက်မှတ်ရရှိပြီး အငယ်တန်းအတတ်ပညာရှင် (Junior Professional) များအဖြစ် အသက်မွေးနိုင်ပါသည်။ Electrician Profession ၏ Professional Certificate သည် ဆွစ်ဇာလန်နိုင်ငံ၏အစိုးရသင်တန်းကျောင်းဖြစ်သော VKSE (Verband Kantonalsolothunisher Elektroinstallateure www.vkse ch) မှအသိအမှတ်ပြုထားပြီး မြန်မာနိုင်ငံအစိုးရ၏ NSSA Diploma Certificate (National Skill Standard Authority) အဖြစ်ရရှိရန် ကြိုးစားလျက်ရှိပါသည်။

**သတ္တုပစ္စည်းလုပ်ငန်းအတတ်ပညာ (Metal Worker)**

သတ္တုပစ္စည်းလုပ်ငန်းအတတ်ပညာ (Metal Worker) တွင်သတ္တုများကို စက်ပစ္စည်းအစိတ်အပိုင်းများနှင့်လူသုံးကုန်ပစ္စည်းအဖြစ်သို့ရောက်ရှိလာအောင် ပြုလုပ်ပေးသည့် သတ္တုပုံပြုလုပ်ငန်းအတတ်ပညာများဖြစ်သော ပုံသွင်းခြင်း (Casting)၊ ပုံထုခြင်း (Forging)၊ စက်စားခြင်း (Machining)၊ ဂဟေဆက်ခြင်း (Welding)၊ ပန်းပဲထုခြင်း၊ ပုံလှိမ့်ခြင်းအစရှိသော စက်မှုပုံပြုခြင်းနည်းပညာများကို စာတွေ့လက်တွေ့ပေါင်းစပ်သင်ကြားပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံမှ ကျွမ်းကျင်ဆရာများနှင့် ဆွစ်ဇာလန်နိုင်ငံမှပညာရှင်များက သင်တန်းသားများအား ကူညီသင်ကြားပြသပေးပါသည်။ သတ္တုပစ္စည်းလုပ်ငန်းအတတ်ပညာသင်တန်းသို့တက်ရောက် လိုသူများသည် သက်ဆိုင်ရာလုပ်ငန်းတစ်ခုခုတွင် အလုပ်သင်အဖြစ်လုပ်ကိုင်နေသူဖြစ်ရပါမည်။

**ပရိဘောဂဒီဇိုင်းရေးဆွဲခြင်းနှင့် ထုတ်လုပ်မှုဆိုင်ရာအတတ်ပညာ (Cabinet Maker)**

အရည်အသွေးကောင်းမွန်သော သစ်သားရှားပါးလာသည်နှင့်အမျှ ကောင်းမွန်စွာလုပ်ဆောင်နိုင်ခြင်းအတွက် နည်းပညာသည်လွန်စွာအရေးပါလှသည်။ ထို့အပြင် ထုသစ်နှင့်တွဲဖက်၍ ပရိဘောဂထုတ်လုပ်နိုင်သော မှန်၊ သံထည်၊ အထပ်သား၊ ပလပ်စတစ်လာမီနိတ်၊ စတီးလ်စသည့်အခြားပစ္စည်းများအသုံးပြု၍ ခေတ်နှင့်အညီပြောင်းလဲတွဲဖက်လုပ်ကိုင်နိုင်ရန် အထူးလိုအပ်နေသောကြောင့် ခေတ်မီပရိဘောဂဒီဇိုင်းရေးဆွဲခြင်းနှင့် ထုတ်လုပ်မှုဆိုင်ရာအတတ်ပညာသင်တန်း (Cabinet Maker) ကို ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလတွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ပြည်တွင်းအတွေ့အကြုံပြည့်ဝသော ဆရာ၊ ဆရာမများနှင့်ဆွစ်ဇာလန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များပူးပေါင်း၍ ခေတ်ပေါ်ပရိဘောဂပညာရပ်များနှင့် အဆင့်မြင့်ပရိဘောဂများအား ဒီဇိုင်းရေးဆွဲခြင်း၊ တန်ဖိုးတွက်ချက်ခြင်း၊ နည်းပညာနားလည်စေခြင်းနှင့် ကိုယ်တိုင်ထုတ်လုပ်တတ်စေခြင်းစသည့် ပရိဘောဂပညာနှင့်ပတ်သက်၍ စာတွေ့/လက်တွေ့သင်ကြားပေးနေသော သင်တန်းဖြစ်ပါသည်။ သင်တန်းပြီးဆုံးပါက ဆွစ်ဇာလန်နိုင်ငံ ပရိဘောဂသင်တန်းကျောင်းများအဖွဲ့၏ အသိအမှတ်ပြုအောင်လက်မှတ်ရရှိမည်ဖြစ်ပြီး၊ အာဆီယံဒီပလိုမာအဆင့် လက်မှတ်ရသင်တန်းဆင်းတစ်ဦးဖြစ်အောင် သင်ကြားပေးလျက်ရှိပါသည်။ ပရိဘောဂသင်တန်းဆင်း ကျောင်းသားများသည်လည်း ပြည်တွင်းစက်ရုံ၊ အလုပ်ရုံများ၌ လုပ်ငန်းပိုင်းဆိုင်ရာကြီးကြပ်၊ မန်နေဂျာရာထူးများ၊ နည်းပညာရှင်များအဖြစ်လည်းကောင်း၊ အချို့သည် ကျွမ်းကျင်လုပ်သားများအဖြစ် ကိုယ်ပိုင်လုပ်ငန်းတစ်ခုထူ ထောင်လုပ်ကိုင်မှုများဖြင့် အောင်မြင်စွာအသက်မွေးဝမ်းကျောင်းပြုနေကြပြီဖြစ်သည်။

အဆိုပါသင်တန်းများအတွက် ဝင်ခွင့်လျှောက်လွှာများကိုနှစ်စဉ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ထုတ်ယူလျှောက်ထားနိုင်ပါသည်။ လျှောက်လွှာထုတ်ယူခြင်း၊ လျှောက်ထားခြင်း၊ သင်တန်းတက်ခြင်းအားလုံးတို့သည် သင်တန်းသားနှင့်လုပ်ငန်းများမှ မည်သည့်စရိတ်မျှကျခံရန်မလိုအပ်ဘဲ အရည်အသွေးကောင်းမွန်သော အသက်မွေးမှုပညာများကို ရရှိမည်ဖြစ်ပါသည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း လိုအပ်သည့်စာရွက်စာတမ်းကြေးမှအစ မည်သည့်ငွေကြေးတစ်စုံတစ်ရာမျှကောက်ခံခြင်းမရှိဘဲ ဆွစ်ဇာလန်နိုင်ငံရှိ အလှူရှင်များ၏အထောက်အပံ့ဖြင့် ဖွင့်လှစ်နေသောသင်တန်းကျောင်းလည်းဖြစ်ပါသည်။ သင်တန်းကြေးကို အခမဲ့သတ်မှတ်ထားပြီး ယခုအချိန်အထိ သင်တန်းသားဦးရေ ၄၄၈ ဦးကို မွေးထုတ်ပြီးဖြစ်ပါသည်။ သင်ကြားရေးဆရာ၊ ဆရာမများကို ဆွစ်ဇာလန်နိုင်ငံမှကျွမ်းကျင်ပညာရှင်များမှ နှစ်စဉ်လာရောက်ပြီး ရက်သတ္တပတ် ၄ ပတ်မှ ၆ ပတ်အထိ သင်ကြားပေးလျက်ရှိပါသည်။ CVT သင်တန်းကျောင်းအားနောင်တွင်တက္ကသိုလ်အဆင့်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။ စာဖတ်ပရိသတ်များ မိမိတို့၏သားသမီးများ၊ ဆွေမျိုးမိတ်ဆွေအပေါင်းအသင်းများအား အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်စေရန်နှင့် ဘဝနောင်ရေးစိတ်အေးရမည့် မြန်မာပြည်၏တစ်ခုတည်းသော Non-profit Organization တစ်ခုဖြစ်သည့် သီအိုရီနှင့်လက်တွေ့ပေါင်းစပ်သင်ကြားပေးနေသော အသက်မွေးမှုအတတ်ပညာသင်တန်းကျောင်း CVT Myanmar သင်တန်းကျောင်းနှင့် ဆက်သွယ်တက်ရောက်နိုင်ရေး အသိပေးရေးသားအပ်ပါသည်။

# ကျန်းမာရေးအတွက် အသီးမှာသရက်



**မောင်မောင်ဆွေ
(ကစစ-၁၃၊ မကွေး)**

'အရွက်မှာလက်ဖက်၊ အသီးမှာသရက်၊ အသားမှာဝက်' ဟုမြန်မာတို့အရသာအရှိဆုံး သရက်သီးအကြောင်းကို လေ့လာမိသမျှ ဗဟုသုတဖြန့်ဝေချင်ပါသည်။

သရက်ပင်သည် ၁၂ ရာသီပတ်လုံး စိမ်းလန်းစိုပြည်သော အပင်ဖြစ်သည်။ သရက်စေ့ကလေးများကို ပစ်ထားပါက အစိုဓာတ်ကောင်းလျှင် အလိုအလျောက် အပင်ပေါက်လာတတ်သည်။ မျိုးအိပ်၊ မျိုးအိုးထဲသို့ အစေ့များနှင့်မြေစာရောထည့်ပြီး ပျိုးပါက ရေအစိုဓာတ် မပြတ်အောင်ဖြန်းပေးရသည်။ သရက်ပျိုးအိပ်မှ သရက်ပင်ပေါက်များကို မိမိစိုက်လိုသောနေရာသို့ တစ်ပေခွဲပတ်လည်၊ တစ်ပေအနက်ကျင်းများတူးပြီး၊ နွားချေး ၊ မြေဆွေးနှင့်ရောကာ မြေဩဇာထည့်၍ စိုက်ပျိုးနိုင်သည်။ စိုက်ပျိုးပြီးသရက်ပင်များအပေါ် အမှိုက်မီးရှို့ရာမှရသောပြာကို ပေါင်းသင်မြေဆွပြီးတိုင်း ပုံပေးရမည်။ ပြာဓာတ်သည် သရက်ပင်ကို စိမ်းလန်းစိုပြည်သန်မာစေသည်။ သရက်ပင်သည် မြေကောင်းပါက ၄ နှစ်သားတွင် အသီးစတင်သီးပါသည်။ မြေဆီမကောင်းသောမြေကိုစိုက်ပါ က ၈ နှစ်၊ ၁၀ နှစ်ကြာမှ အသီးသီးတတ်ပါသည်။

သရက်ပင်ကိုးနှစ်သားခန့်ရှိပါက အပင်စားပိုး (ပင်စည်ပေါက်ပိုး) မကျစေရန် မြေစပ်မှ ၆ လက်မအကွာနေရာကို ပရုပ်လုံးတစ်လုံးစာဝင်အောင် အပေါက်ဖောက်၍ ထိုအပေါက်ထဲသို့ ပရုပ်လုံးထည့်ပေးရမည်။ အပင်ပတ်လည် သုံးပေါက်ဖောက်၍ ပရုပ်လုံးသုံးလုံးထည့်ရမည်။

သရက်သီး သီးခါနီးအပွင့်များပွင့်ချိန် ပြာသို၊ တပို့တွဲလများတွင် အပင်ပိုးမကျအောင် အပင်၏အောက်တွင် တမာရွက်တစ်တင်းသားခန့် သုံးလေးပုံပုံပြီး မီးရှို့ပေးရမည်။ တစ်ပုံလျှင် တစ်တင်းသားလေးငါးပုံ ပုံပြီး မီးရှို့ကာ မီးခိုးမှိုင်းတိုက်ပေးရသည်။ သို့မှသာ သီးကင်းများပိုးရန်ကင်းပြီး အသီးတင်စေပါသည်။ ဤနည်းကားဓာတုဆေးဝါးမသုံးဘဲ သရက်ပင်ပိုးကင်းစေသောနည်းဖြစ်သည်။ အသီးလည်း ပိုမိုသီးအားကောင်းစေပါသည်။

သရက်သီးအမျိုးအမည်များမှာ မလွန်နွယ်၊ သုံးလုံးတစ်တောင်၊ မချစ်စု၊ မန္တလေးရင်ကွဲ၊ စိန်တစ်လုံး၊ မြကျောက်၊ စိုင်ပေါင်၊ စိုင်၊ ဆင်နင်း ၊ ဆင်စွယ်သရက်၊ တလက်ဗက် ၊ တလုပ်ထော်၊ တောင်းဇွန်းရင်ကွဲ ၊ နဂါးကြေစွဲကောက်၊ ထိပ်ပေါက်၊ ပါးနီးစီး၊ နက်တဲ့၊ ပန်းဆွဲသီး၊ မင်းဘကီးလက်ရုံး၊ မယ်တော်လက်သီး၊ ရွှေလောက်စာ၊ ဝက်ခေါင်း၊ ဝါဆို၊ တောစာ၊ ရေဝင်သီး၊ ရွှေပေါ်အစရှိသဖြင့် အမျိုးအစားပေါင်းများစွာရှိသည်။

ထိုများစွာထဲမှ စိန်တစ်လုံး၊ မြကျောက်စိမ်းနှင့် လူသိများသော မချစ်စု၊ မန္တလေးရင်ကွဲ၊ ပန်းဆွဲ၊ ဘင်္ဂလား ၊ မန္တလေးဆင်စွယ်၊ တစုမိတ်၊ နတ်၊ နာမည်ကျော်ဗန္ဓာရသရက်သီးတို့သည် အလွန်ချို၊ အလွန်မွှေးသော အရသာထူးရှိသည်။

သရက်သီးတွင် ပါဝင်နေသောဓာတ်များမှာ ကယ်လိုရီ ၄၀ %၊ ပရိုတင်း ဓာတ် ၀. ၄ %၊ အဆီဓာတ် ၀. ၁ ဂရမ်၊ ထုံးဓာတ် ၇ မီလီဂရမ်၊ သံဓာတ် ၂၀ မီလီဂရမ်၊ မီးစုန်းဓာတ် ၀. ၂ မီလီဂရမ်၊ အေအိုင်ယူ ၁၁၈၀၊ ဗီတာမင်ဘီ (၁) ၀. ၀၃ မီလီဂရမ်၊ ဗီတာမင်ဘီ (၂) ၀. ၀၄ မီလီဂရမ်၊ နိုင်ယာစင် ၀. ၀၄ မီလီဂရမ်၊ ဗီတာမင်စီ ၃၀ မီလီဂရမ်တို့ပါဝင်သည်။

မြန်မာ့အစားအစာလောကတွင် သရက်သီးကို သရက်ချဉ်ပြုလုပ်၍သုတ်စားခြင်းဖြင့် ဟင်းလျာအဖြစ်တစ်နည်း၊ အစိမ်းလှီးပြီး အတို့အဖြစ်တစ်သွယ်၊ သရက်သီးမှည့်ကို အခွံခွာလှီးပြီး အသားတုံးလေးများအဖြစ် စားဖွယ်တစ်ဖုံ၊ အရည်ဖျော်၍ ဖျော်ရည်အဖြစ်လည်း အမျိုးမျိုးစားသောက်ကြသည်။ မည်သို့ပင်စားစား သရက်သီးတွင် ပါဝင်သော လူ့အကျိုးပြုဓာတ်များကြောင့် စားသုံးသူ၏ကျန်းမာရေးကို အထောက်အကူပြုစေပါသည်။

သရက်သီးအစိမ်းနှင့် အမှည့်သည် ဗီတာမင်အေကြွယ်ဝသော အသီးဖြစ်ပါသည်။ ဟင်းသီးဟင်းရွက်များလိုပင် အမျှင်ဓာတ်ပါရှိသဖြင့် အမှည့်ကိုစားသုံးသူသည် အင်အားပြည့်ဖြိုးစွမ်းအားတိုးစေသည်။ အမြင်အာရုံကိုကောင်းစေသည်။ ကိုယ်တွင်းမှရောဂါများကို ကာကွယ်ပေးနိုင်၍ ဝမ်းမှန်စေပြီး ကျန်းမာရေးကောင်းစေသည်။

သရက်သီးမှည့်တွင် ဗီတာမင်စီ ၇၆ % ပါဝင်ပြီး အိုမင်းရင့်ရော်ခြင်း၊ ဓာတ်တိုးဆန့်ကျင်သည့် ပစ္စည်းများပါဝင်ပြီး အခြားအသီးများတွင်တွေ့ရခဲ့သော ကာရိုတီနိုက်ဓာတ်ပေါင်း ၂၅ % အထိ ထူးထူးခြားခြား ပါဝင်နေမှုကြောင့် ကိုယ်ခံအားကိုကောင်းစေပါသည်။ နေမကောင်းပြီးစ နလန်ထလူနာများ သရက်သီးဖျော်ရည်နှင့် နွားနို့ဖျော်သောက်ပေးလျှင် ခွန်အားဖြိုးမောက်ပြီး ကိုယ်အလေးချိန်တိုးစေပါသည်။

သရက်သီးကုလားတယ်သည် မြန်မာ့ထမင်းဝိုင်းမှ ဟင်းလျာတစ်မျိုးဖြစ်သည်။ ထောပတ်ထမင်း၊ ဒံပေါက်ထမင်း၊ ဝက်သားဟင်း၊ ဆိတ်သားဟင်းတို့နှင့် သရက်သီးစိမ်း၊ သရက်ချဉ်တို့တွဲဖက်စားသုံးခြင်းဖြင့် အအီပျောက်စေပါသည်။ သရက်သီးစိမ်းများကို ဓားဖြင့်ပါးပါးလှီး၍ အခြောက်လှမ်းကာ ဝက်သားနှင့်ချက်စားသော အညာကျေးတောမှဟင်းလျာသည် အလွန်ပင်ထမင်းမြိန်သော ဟင်းလျာတစ်မျိုးဖြစ်ပါသည်။

သရက်သီးမှည့်တွင် ဗီတာမင်အေအများအပြားပါဝင်သောကြောင့် အမြဲလိုလို မကြာခဏစားပေးပါက အသားအရေကို နူးညံ့စေပါသည်။ ညစာစားပြီးတိုင်း သရက်သီးမှည့်တစ်လုံးစားသုံးပါက အရေပြားဆဲလ်များမှ ချေးညှော်များပိတ်ဆို့နေခြင်းကိုဖယ်ရှားပေးပြီး သွေးလည်ပတ်မှုကောင်းစေ၍ အသားအရည်ဝင်းပစိုပြည်စေပါသည်။ သရက်သီးမှည့်တွင် သံဓာတ်များပါဝင်နေ၍ သွေးနီဥပမာဏကိုလည်း တိုးပွားစေပါသည်။ သံဓာတ်ကြွယ်ဝစွာပါဝင်သောကြောင့် ခန္ဓာကိုယ်အတွင်းမှ အောက်ဆီဂျင်ဓာတ်ကို ကောင်းစွာလည်ပတ်စေသဖြင့် သရက်သီးမှည့်ဖျော်ရည်ကို တစ်ပတ်လျှင် ၅ ရက်ခန့်သောက်ပေးသင့်ပါသည်။ သံဓာတ်ပါဝင်မှုကြောင့် သွေးနီဥကိုတိုးပွားစေပြီး သွေးဆုံးပြီးစ အမျိုးသမီးများနှင့် အထူးသင့်လျော်ပါသည်။

သရက်သီးစိမ်း/ မှည့်တို့နှင့်ဟင်းနုနွယ်ရွက်ကို တွဲဖက်စားပေးပါလျှင် သံဓာတ်ကို ပိုမိုတိုးပွားစေပါသည်။ သရက်သီးတွင် ပိုတက်ဆီယမ်နှင့် မဂ္ဂနီဆီယမ်ဓာတ်လုံလောက်စွာပါရှိသည့်အတွက် သွေးပေါင်တက်သူများစားပေးလျှင် သွေးဖိအားကို ပုံမှန်ဖြစ်စေပါသည်။

ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပေါကြွယ်ဝစွာပါဝင်သော သရက်သီးစိမ်း၊ သရက်သီးမှည့်တို့ကို စားပေးခြင်းဖြင့် သွားဖုံးသွေးယိုရောဂါ၊ ရေစီးကမ်းပြိုကဲ့သို့သောရောဂါများကို သက်သာပျောက်ကင်းစေပါသည်။

သရက်ပင်သည် မိုးရေချိန် ၃၀ လက်မနှင့် ၈၀ လက်မကြားတွင် ကောင်းစွာဖြစ်ထွန်းသဖြင့် မြန်မာ့ရေမြေပေါ်တွင် နေရာမရွေးဖြစ်ထွန်းသော အပင်ဖြစ်သည်။ ယခင်က သရက်ပင်ကိုအစေ့မှသာ စိုက်ပျိုးခဲ့သော်လည်း ယခုအခါစိုက်ပျိုးရေးနည်းပညာများတိုးတက်လာ၍ ကိုင်းကူးပင်များနှင့် အမျိုးအစားအလွန်ကောင်းမွန်သော အသားထူ၊ ချို၊ မွှေး သရက်မျိုးကောင်းများ ပေါ်ထွက်လာပေသည်။ သရက်သီးသည် ကယ်ရိုတင်း (carotene) ဓာတ်များစွာ ပါဝင်သောသီးနှံဖြစ်သည်။

သရက်သီးသည် ကျန်းမာရေးအတွက် အထူးစားသုံးသင့်သော သီးနှံဖြစ်သော်လည်း အမှည့်လွန်သောသရက်သီး၊ ယင်နားသော သရက်သီးမှည့်များကိုကားလုံးဝမစားသင့်ချေ။ သရက်သီးမှည့်ကာလသည် ကဆုန်၊ နယုန်၊ ဝါဆိုလများဖြစ်သောကြောင့် မြန်မာ့မြေပေါ်တွင် မိုးဦးကျကာလနှင့်တိုက်ဆိုင်နေပေသည်။ ရေ၊ မြေ၊ ရာသီဥတုပြောင်းလဲချိန်တွင် ဝမ်းကသိကအောင့် ဖြစ်ချင်တတ်သည်။ ထိုအထဲတွင် ယင်နားစာအမှည့်လွန်သရက်သီးကို စားသုံးမိပါက ငိုချင်လျက်လက်တို့၊ ဝမ်းလျောရောဂါခံစားရတတ်သည်ကို အထူးသတိပြုသင့်လှသည်။ သရက်သီးကို ဈေးမှဝယ်စားမည့်အစား ကိုယ့်ခြံ၊ ကိုယ့်ဝင်းတွင် ကိုယ်တိုင်စိုက်ပြီး စားသုံးသင့်သည်။ သို့မှသာ ဓာတုဆေးဝါးအန္တရာယ်မှ ကင်းလွတ်နိုင်ပါမည်။

သရက်သီးအုပ်ရာတွင် ပိတောက်ရွက်သည် အကောင်းဆုံးဖြစ်သည်။ သရက်သီးများကို ရင့်မှည့်ကာနီးအပင်ပေါ်မှခူးဆွတ်ပြီး ပုတ်၊ ခြင်းတောင်းတွင် ပိတောက်ရွက်ခံ၊ ပိတောက်ရွက်ကာ၊ ပိ

**စာမျက်နှာ ၉ သို့ -**

# မြန်မာ့ရိုးရာ ထိုးကွင်းထိုးခြင်းအကြောင်း သိကောင်းစရာ



ဘဒင် (ထိုးဘို)
မလွန်မြေဖြူး

အလုပ်ပိတ်ရက် နေ့တစ်နေ့ နေဝင်အချိန်မှာ အပျင်းရယ်ပြေစေလိုခြင်း အလို့ငှာ မိသားစုနဲ့အတူ နိုင်ငံခြားဇာတ်ကားတစ်ကားကို ထိုင်ကြည့်နေပါတယ်။၎င်းဇာတ်ကား၏ ဇာတ်ဝင်ခန်းတစ်နေရာမှ လူကြမ်းဇာတ်ကောင်တစ်ဦး၏ ခန္ဓာကိုယ်တွင် အရုပ်များရေးထိုးထားတာကိုကြည့်ပြီး ကျွန်တော်၏သမီးက အဲဒီ့လူဆိုးကြီးက ကိုယ်လုံးပေါ်မှာ ပွစိတက်အောင် အရုပ်တွေရေးထိုးထားတာ ဘယ်လိုအဓိပ္ပါယ်လဲ ဘယ်လိုအရုပ်တွေလဲလို့ မေးလာပါတယ်။ ဒီတော့ ကျွန်တော်က လည်းသူ (သမီးပြောသော ဇာတ်လမ်းထဲမှလူဆိုးကြီး) ဘယ်လိုမျိုးအဓိပ္ပါယ်နဲ့ ဘယ်လိုပုံတွေကို ခန္ဓာကိုယ်မှာရေးထိုးသလဲတော့မသိဘူး။ ဖေဖေတို့မြန်မာလူမျိုးတွေမှာတော့ အဲ့ဒီလိုပဲ အလားသဏ္ဍာန်တူတဲ့ ဆေးမင်ထိုးခြင်း အလေ့အထရှိခဲ့ပြီး ရေးထိုးရတဲ့အဓိပ္ပါယ် အတိအကျရှိခဲ့တယ်လို့ဆိုတော့ သမီးက ဗဟုသုတအဖြစ်ပြောခိုင်းသည့် မြန်မာထိုးကွင်းထိုးခြင်းအကြောင်းအရာများအား ရွှေစက်မှု ပရိသတ်များ ဗဟုသုတရစေလိုသောဆန္ဒနှင့် တင်ပြလိုက်ရပါတယ် ခင်ဗျား။

**'ဆေးမင်ကြောင်ဆေးဖော်စပ်ပုံ'**

ဆီမီးတိုင်၊ ဖယောင်းတိုင်တို့မှ မှိုင်းကို ခံရပါတယ်။ ငါးသည်းခြေကို အခြောက်လှန်းပြီး အမှုန့်ပြုလုပ်ရပါတယ်။ မှိုင်းခံမှုန့်များနှင့် ငါးသည်းခြေအမှုန့်များအား ရောစပ်ပြီး အဝတ်နှင့်ထုပ်ထားရပါတယ်။ ကြက်ဟင်းခါးရွက်များအား လူကြီးလက်တစ်ဆုပ်စာခူးပြီး မြေအိုးနှင့်ပြုတ်ကာ မှိုင်းခံများနှင့် ငါးသည်းခြေမှုန့်များ ရောထားသော အထုပ်ကိုလည်းရောပြုရပါတယ်။ ၎င်းတို့အား သုံးခွက်တစ်ခွက်တင်ကျိုပြီး အအေးခံကာ ဆေးထိုးရန်အသင့်ဖြစ်သွားပြီဖြစ်ပါတယ်။

**'မင်ကြောင်ထိုး စုတ်တံ၏ပုံသဏ္ဍာန်'**

စုတ်တံမှာ အပိုင်း (၃) ပိုင်းပါရှိပြီး ၎င်းတို့မှာ ဒင်ပိုင်း၊ ဖောင်းပိုင်း၊ စုတ်ပိုင်းဟူ၍ဖြစ်ပါတယ်။ ဒင်ပိုင်းကို အလေးချိန်စီးအောင်ပြုလုပ်ထားပြီး ဖောင်းပိုင်းကိုတော့ အခေါင်းပွပြုလုပ်ထားကာ သန်လျက်ပုံမကျတကျအဖျားချွန်းပြီး တောက်လျှောက်ခွဲထားတဲ့အကွဲထိပ်မှာ စိတ်မွှာထားတဲ့အပိုင်းကတော့ စုတ်ပိုင်းဖြစ်ပါတယ်။ စိတ်မွှာထားတဲ့ အရေအတွက် လေးခုရှိရင် လေးခွစုတ်တံ၊ ဆယ့်ခြောက်ခုရှိရင် ဆယ်ခြောက်ခွစုတ်တံလို့ခေါ်ပြီး လေးခွစုတ်ကိုတော့ ဗိန္ဓောဆရာ၊ ပယောဂဆရာများ အသုံးပြုပါတယ်။ ရှစ်ခွစုတ်ကနေ ဆယ့်ခြောက်ခွအထိကိုတော့ ထိုးကွင်းထိုးတဲ့နေရာမှာ အသုံးပြုကြပါတယ်။

**'ဆေးမင်ကြောင်ထိုးရန် အခမ်းအနားပြင်ဆင်ခြင်း'**

ရှေးမြန်မာမင်းများ လက်ထက်တွင် ထိုးကွင်းမင်ကြောင် ထိုးနှံခြင်းများအား တခမ်းတနားပြုလုပ်ကြတယ်လို့ဆိုပါတယ်။ အဆောက်အဦကို ရာဇမတ်ကာ၊ သဲဖြူခင်း ထောင့်လေးထောင့်မှာ ငှက်ပျောပင်စိုက်ကာ ထိုးကွင်းထိုးရမည့်ဆရာက မန္တန်တွေရွတ်၊ ပရိတ်ရည်တွေဖျန်း၊ ဆန်ပန်းပေါက်ပေါက်ထားရပါတယ်။ မင်ကြောင် အဆောက်အဦကို ဖျင်ဖြူစမိုးရပြီး ၎င်းဖျင်စအား သတ်မှတ်ထားသည့် နေ့နံပိုင်ရှင် မိန်းမပျိုတစ်ဦးတည်းကသာ ရက်လုပ်ပေးရပါတယ်။ ဖျင်ဖြူအမိုးပတ်လည်မှာ အုန်း၊ ကွမ်းကော်၊ ဆီး၊ ဝါး၊ ဒါန်း၊ ပေါက်၊ ရှားသီးအစရှိသော ဗြိုလ်ကြီးရှစ်လုံး၏ နာမ်သင့် အညွန့်အခက်များ ချိတ်ဆွဲထားရပါတယ်။ အကာအရံအတွက် တင်းတိမ်စောင်များ အသုံးပြုပြီး ၎င်းတင်းတိမ်စောင်များအား နံသင့်မိန်းမပျိုများက ရက်လုပ်ပေးကြပါတယ်။ အလယ်ကြောတွေခွာထားတဲ့ ငှက်ပျောရွက်များကို ဆီမန်းသုတ်ပြီး ထူထူခင်းရပါတယ်။ ခေါင်းရင်းမှာ ဘုရားဆင်းတုတော်တစ်ဆူ ပူဇော်ထားရှိပြီး ဆီမီးများပူဇော်ထားရှိရပါတယ်။ အုန်းပွဲ၊ ငှက်ပျောပွဲတင်ရန် စင်တစ်ခုဆောက်လုပ်ထားကာ ၎င်းစင်ရဲ့တိုင်နှစ်တိုင်တွင် မင်ခံပုဆိုးတင်ရန်ကြိုးတန်းထားရှိပြီး ၎င်းကြိုးအား နေ့ခုနှစ်နေ့နံ အပျိုစင်လေးများထံမှ ချည်စများတောင်းပြီး ကျစ်ထားရပါတယ်။ ထိုးကွင်းမင်ကြောင်ထိုးမည့် တင်းတိမ်အားအပေါက်နှစ်ခုပြုလုပ်ထားပြီး လှရုံသက်သက်ထိုးနှံမည့်သူအား လက်ဝဲအပေါက်မှဝင်ရကာ ၎င်းတို့အား (ဝဲမှောင်) ဟုခေါ်ကြပါတယ်။ အကျအနထိုးမည့်သူများကတော့ ယာဘက်အပေါက်မှဝင်ရသောကြောင့် (ယာမှောင်) ခေါ်ကြပါတယ်။

**ဆေးမင်ကြောင်ထိုးနှံခြင်း**

ထိုးကွင်းမင်ကြောင်အား လူ့ခန္ဓာကိုယ်အထက်ပိုင်း ကုတ်နဲ့လည်ပင်းမှစပေါင်၊ ခြေသလုံး၊ ခြေမျက်စိအထိ ထိုးနှံရပါတယ်။ ၎င်းကို (မြေစိုက်ထိုး) ဟုခေါ်ဆိုပြီး ချိုင်းအောက်မှအစ ဒူးခေါင်းဖုံးရုံထိုးနှံခြင်းအား (နံ့ထောင်) ဟုခေါ်ပါတယ်။ ချက်ကစပြီး ဒူးခေါင်းအထိ ထိုးနှံခြင်းအား (ခါးကျ) ဟုခေါ်ဆိုပြီး ချက်အောက်



လက်လေးလုံးအကွာကနေစပြီး ဒူးမဖုံးစေအောင် ထိုးနှံ ခြင်းအား (ခါးကြောင်) ဟုခေါ်ဆိုပါတယ်။ ထိုးကွင်းအရုပ်များကို ပတ်ရံထားသော စက်ဝိုင်းပုံ (သို့မဟုတ်) ဘဲဥပုံ ဒေါင်လိုက် ဖြတ်မျဉ်းကို (စာရံ) ဟုခေါ်ကြပါတယ်။ ၎င်းအရံများ အတွင်းမှာ ငုံးရုပ်၊ ငါးရုပ်၊ ငါးခေါင်း၊ ငါးမြီး၊ ကဒေါင်း၊ ဒေါင်း လည်ပြန်၊ ခွပ်ဒေါင်း၊ ဝက်ကုန်း၊ ငှက်ဆင်၊ ငှက်တက်၊ ကြာပွင့်၊ ဘီလူးဒူးထောက်၊ ဘီလူးပန်းဆွဲ၊ ဘီလူးလေးတင်၊ ဘီလူးသံလျက်ထမ်း၊ ဘီလူးနှစ်ထပ်၊ ဇော်ဒူးထောက်၊ ငှက်ကုန်း၊ မျောက်၊ ကိန္နရာနှစ်ထပ် စသည်ဖြင့် စာရံအမျိုး (၆၀) ကျော်ထိုးနှံရမည်ဖြစ်ပြီး စာရံများသုံးခုဆိုင်၊ လေးခုဆိုင်နေရာ အလပ်များတွင် ကြာပွင့်၊ ခရုဗွေ၊ နေခြည်၊ စပါးနှံ၊ သစ်ခက်သစ်ရွက်၊ ဗန္ဓု၊ ပန်းပု၊ ပန်းဆိုင်၊ ရာဇမတ်၊ ပန်းဖူး၊ ပန်းနွယ်များကို နေရာမလပ်အောင် ထိုးနှံရပါတယ်။ ၎င်းကို (ခနုကွက်) ဟုခေါ်ဆိုပါတယ်။ ဒီနေရာမှာ ထိုးကွင်းထိုးပေးမဲ့ စုတ်ဆရာ၏လက်စလက်ကျ တော်တော်ကိုအရေးပါပါတယ်။ စုတ်ချက်တိုင်း စုတ်ချက်တိုင်း လှအရေပြားပေါက်ရုံ ထိုးနှံရတာမို့ဖြစ်ပါတယ်။ အတိမ်အနက်မညီသော် ထိုးကွင်းအရောင်များလည်း မညီဖြစ်တတ်တာမို့ စုတ်ထိုးတဲ့ဆရာများသည် ကျောက်ပြင်ပေါ်မှာတင်ထားသောကွမ်းရွက်အား စုတ်သွားဖြင့်နှံစဉ် ကျောက်ပျဉ်အားမထိအောင်ထိုးနှံနိုင်မှ လူများကိုထိုးနှံရတယ်လို့ဆိုပါတယ်။

ရှေးအခါက မြန်မာယောကျ်ားကြီးများသည် ယောကျ်ားပီသကြောင်း၊ စိတ်တည်ငြိမ်မှုရှိကြောင်းနဲ့ ခံနိုင်ရည်ရှိကြောင်းများကို ထိုးကွင်းထိုးကာမှတ်ကျောက်တင်ကြပါတယ်။ အင်းဝခေတ်က မိန်းမပျိုလေးများက သူတို့အားချစ်စကားဆိုလာသူများကို ထိုးကွင်းထိုးထားခြင်းရှိ၊ မရှိကြည့်ကာ လက်ခံစကားပြောကြပြီး ထိုးကွင်းမင်ကြောင်မရှိသူအား၊ အထင်သေးရှုတ်ချတတ်ကာ ဆေးမင်ကြောင်ထိုးနှံထားသော ယောကျ်ားပျိုများအား 'စိမ်းမင်ကြောင်၊ ပေါင်ခါးထစ်ကယ်နဲ့၊ မယ်ချစ်လိုက်ပါတဲ့ သျှောင်ဒူးငယ်' ဟုစာချိုးများချိုးကာ ပစားပေးတတ်ပါကြောင်း တင်ပြလို့ ဗဟုသုတဖြစ်စေလိုက်ပါတယ်။


မှတ်ချက်။ မလွန်မြို့အနောက်ဘက်ရှိ ကုန်းကြီးကျေးရွာမှ အသက် ၉၁ နှစ်ရှိ အဘဦးသန်းထိုက်ထံ မေးမြန်းရေးသားခြင်းဖြစ်ပါသည်။

**စာမျက်နှာ ၈ မှ -**

တောက်ရွက်ဖြင့်အုပ်ထားပါက မကြာမီဝင်းမည့်လှပသော သရက်သီးမှည့်များရရှိနိုင်ပါသည်။ ပိတောက်ရွက်မရှိသောဒေသများတွင် ကုက္ကိုရွက်ကို သုံးနိုင်ပါသည်။

မိမိအိမ်ခြံစိုက် သဘာဝသရက်သီး၊ ငှက်ပျောသီး၊ ဩဇာသီး၊ ပိန္နဲသီး၊ ဒူးရင်းသီး၊ စပျစ်သီး၊ မာလကာသီး၊ သင်္ဘောသီးအစရှိသောသစ်သီးများနှင့် ဘူးသီး၊ ခရမ်းသီးမှအစ ဟင်းသီးဟင်းရွက်အစုံတို့ကို ကိုယ်တိုင်စိုက်ပျိုးစားသောက်ပြီး ဓာတုအဆိပ်ကင်းစင်သော ခန္ဓာကိုယ်အဖြစ်ရပ်တည်နိုင်အောင် ကြိုးစားကြပါစို့ဟု တိုက်တွန်းရင်း လက်လှမ်းမီသမျှ သရက်သီး၏ ကျန်းမာရေးအကျိုးပြုပုံကို တင်ပြလိုက်ရပေသည်။

# အသိမှန်မှ အမှန်သိမယ် (၁၁)



မောင်ညဏ် (ရှုံးချုပ်)

တစ်နေ့သ၌ ကျွန်ုပ်သည် ရပ်ကွက်အတွင်းရှိ ဓမ္မာရုံသို့ထွက်လာခဲ့၏။ ဓမ္မာရုံတွင် ဝါတွင်းသုံးလအရှက်ဆွမ်းလောင်းပွဲရှိသဖြင့် ညဘက်တွင်ချက်ပြုတ်ရန် ဝေယျာဝစ္စအဖွဲ့များ အလုပ်များနေကြသည်။ ဓမ္မာရုံရှိ ရုပ်ပွားတော်မြတ်ရှေ့တွင် အသက် ၆၀ ခန့် ဓမ္မာရုံလူကြီးအချို့သည် ရေနွေးကြမ်းသောက်ကာ တရားဆွေးနွေးပွဲကို သူထက်ငါဆရာလုပ်၍ ဆင်နွှဲနေကြ၏။

ထိုအချိန်တွင် ကျွန်ုပ်အားရှိလူငယ်တစ်ဦးက-

'အစ်ကိုရေ ကျွန်တော်တို့ဓမ္မာရုံလူကြီးတွေက တကယ့်တရားသမားတွေပါ။ ကြည့်ပါလား။ အရွယ်တင်တယ်မဟုတ်လား'

ကျွန်ုပ်က-

'တရားသမားနဲ့အရွယ်တင်တာ ဘာဆိုင်လို့လဲငါ့ညီရ'

'ဟာ အစ်ကိုကလဲ၊ အရွယ်တင်တယ်ဆိုတာ အရင်တွယ်တာကိုပြောတာဗျ'

ထိုအခါမှ ကျွန်ုပ်လည်း ထိုစကားဝိုင်းအလယ်ရှိ လက်ဘက်ပန်းကန်နှင့် ဆေးကြောနေရာတွင် စားပြီးသားပန်းကန်တစ်ထပ်အားတွေ့ရ၍ ပြုံးမိလေတော့သည်။

ထိုစကားဝိုင်းမှ ၄င်းတို့ပြောင်းခုန်နေသော အချက်အလက်တို့ကို မှတ်သားထားပြီး ဆရာတော်ကျောင်းရောက်မှ ဆရာတော်အားလျှောက်မေးမြန်းရန် ဆုံးဖြတ်လိုက်တော့၏။ နောက်တစ်နေ့ညနေခင်းတွင် ကျွန်ုပ်သည် ကန်ကျောင်းသို့ထွက်လာခဲ့ရာ ကျောင်းတွင် ဆရာတော်အားအခန့်သင့်ပင် ဖူးတွေ့ရလေသည်။

ဆရာတော် - လာ ဒကာကြီး။ အဖန်ရည်လည်းသောက်၊ လျှောက်စရာများပါလာရင် လျှောက်နိုင်ပါတယ် ဒကာကြီး။

ကျွန်ုပ် - အရှင်ဘုရား ဒါနတစ်ခုတည်းနဲ့ သုဂတိရောက်နိုင်ပါသလား ဘုရား။

ဆရာတော် - ဒါနတစ်ခုတည်းနဲ့ သုဂတိမရောက်နိုင်ဘူး ဒကာကြီး။

ကျွန်ုပ် - ဘာဖြစ်လို့လဲ ဘုရား။ ဒါနဟာ ကုသိုလ်တရားပဲ မဟုတ်လားဘုရား။

ဆရာတော် - ဒါနဟာ ကုသိုလ်တရားဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ သီလမလုံရင် အပါယ်လားရမှာပဲ ဒကာကြီး။

ကျွန်ုပ် - ရှင်းပြပါဦးဘုရား။

ဆရာတော် - လူတစ်ယောက်ဟာ သူတစ်ပါးပစ္စည်းဥစ္စာကိုခိုးယူခြင်းဖြင့် အသက်မွေးတယ် (သို့) သူတစ်ပါးအသက်ကို သတ်ဖြတ်ပြီး ရောင်းချခြင်း (သို့) သေရည်သေရက်ချက်လုပ်ရောင်းချခြင်းဖြင့် အသက်မွေးတယ်။ ရလာတဲ့ငွေကြေးဥစ္စာထဲက တချို့တစ်ဝက်ကို ဒါနပြုတယ်။ ဒါနပြုတဲ့စေတနာတော့ရှိပါရဲ့။ ဒါပေမဲ့ လှူဖွယ်ဝတ္ထုက မသန့်ရှင်းတော့ မွန်မြတ်မှုမရှိဘူး။ အကုသိုလ်ကံကတော့ ကာယကံ၊ ဝစီကံ၊ မနောကံတွေနဲ့ကျူးလွန်ခဲ့လို့ အားကြီးနေတယ်။ သေသည်၏အခြားမဲ့၌ အပါယ်ငရဲကျရတယ်။ ငရဲကလွတ်ပြန်တော့ တိရစ္ဆာန်ဘဝရောက်ရတယ်။ အဲဒီ့ကျမှပြုခဲ့တဲ့ ဒါနကံအကျိုးပေးတော့ သူဌေးအိမ်မှာတယုတယအလှမွေးထားတဲ့ တိရစ္ဆာန်ဘဝတွေဖြစ်ကြရတယ်။ တိရစ္ဆာန်ခြင်းတူပေမဲ့ ဒါနကံကလေးပါလာတော့ လမ်းဘေးတိရစ္ဆာန်နဲ့ အခြေအနေမတူဘူးပေါ့။ နေရာကောင်း၊ စားကောင်းသောက်ဖွယ်တွေနဲ့ပေါ့နော်။

ကျွန်ုပ် - သမ္မာအာဇီဝနဲ့ရတဲ့ ငွေကြေးဥစ္စာနဲ့ ဒါနလုပ်ရင် လူချမ်းသာ၊ နတ်ချမ်းသာဖြစ်နိုင်တာပေါ့နော် ဘုရား။

ဆရာတော် - မှန်တယ် ဒကာကြီး။

ကျွန်ုပ် - ဒါဆို ဒါနကသံသရာရှည်စေတာပေါ့ ဘုရား။

ဆရာတော် - ဒါနက သံသရာရှည်စေတာမဟုတ်ဘူး။ ဒါနပြုပြီး လူချမ်းသာ၊ နတ်ချမ်းသာလိုချင်တဲ့ တဏှာကသံသရာရှည်စေတာပဲ ဒကာကြီး။

ကျွန်ုပ် - နားလည်သဘောပေါက်ပါပြီ ဘုရား။ အရှင်ဘုရား သိချင်တာလေးတစ်ခုမေးလျှောက်ခွင့်ပြုပါဦးဘုရား။

ဆရာတော် - လျှောက်ပါ ဒကာကြီး။

ကျွန်ုပ် - မြတ်စွာဘုရားရဲ့ မယ်တော်ဟာ ဘုရားအလောင်းတော်ကိုမွေးဖွားရတဲ့ မယ်တော်ဖြစ်ပါလျက်နဲ့ ဘုရားကိုလည်း မဖူးရ အသက်တိုရတာ တပည့်တော်စဉ်းစားလို့မရပါဘူးဘုရား။

ဆရာတော် - ဒကာကြီးရဲ့အမေးကို အရှင်အာနန္ဒာလည်း ဘုရားရှင်ကို မေးတော်မူဖူးတယ် ဒကာကြီး။

ကျွန်ုပ် - တင်ပါ့ဘုရား။ ဟောကြားပေးပါဘုရား။

ဆရာတော် - ဥဒါန်ပါဠိတော် အပ္ပာယုကသုတ်မှာ အရှင်အာနန္ဒာက ဘုရားရှင်ထံပါးချဉ်းကပ်ပြီး 'အရှင်ဘုရားအံ့ဖွယ်ရှိပေစွ၊ မဖြစ်ဖူးမြဲဖြစ်ပေစွ။ မယ်တော်မာယာသည် အလွန်နည်းသောအသက်ရှိ၏။ ဘုရားရှင်ကိုဖွားမြင်ပြီးနောက် ၇ ရက်မြောက်၌ ကွယ်လွန်၍ တုသိတာနတ်ပြည်၌ ဖြစ်ပါ၏' လို့ လျှောက်တယ်ဒကာကြီး။ ဘုရားရှင်က 'အာနန္ဒာ ဟုတ်ပေ၏။ ဘုရားရှင်တို့၏ မယ်တော်တို့သည် နည်းသောအသက်ရှိကုန်၏။ ဘုရားရှင်ကိုဖွားမြင်ပြီးနောက် ၇ ရက်မြောက်၌ ကွယ်လွန်၍ တုသိတာနတ်ပြည်၌ ဖြစ်ကြကုန်၏' ဟုမိန့်တော်မူတယ် ဒကာကြီး။

ကျွန်ုပ် - အရှင်ဘုရား၊ ဒီလိုဆို မယ်တော်မာယာဟာ ဘုရားရှင်ကိုမွေးဖွားရလို့ ကံဆိုးရှာတာပေါ့။ ငယ်ငယ်ရွယ်ရွယ်နဲ့ ကွယ်လွန်ရတယ်။

ဆရာတော် - ဒကာကြီးက အကြောင်းအကျိုးသဘော၊ ဓမ္မနိယာမ၊ ဇာတ်ကြောင်းအစုံမသိလို့ ဒီလိုယူဆတာပဲ။

ကျွန်ုပ် - မှန်ပါ့ဘုရား။ ပြည့်စုံစွာဟောကြားပေးခြင်းဖြင့် ယုံမှားသံသယကိုပယ်ဖျက်ပေးတော်မူပါဘုရား။

ဆရာတော် - သေသေချာချာ နာယူမှတ်သားထား ဒကာကြီး။ အလောင်းတော်သေတကေတုနတ်သားဟာ ပဉ္စမဟာဝိလောကနကို ကြည့်တော်မူတယ်။ (ဘုရားအလောင်းတော်တို့ လုပ်ရိုးလုပ်စဉ် (အလောင်းတော်တို့၏ နိယာမအတိုင်း) ကြည့်ခြင်းကြီး ငါးပါးနဲ့ကြည့်ရှုတော်မူတယ်။

(၁)

ကာလ - ဘုရားဖြစ်ရာ အချိန်ကာလ၊ လူ့သက်တမ်းကိုကြည့်တော်မူတယ်။ သက်တမ်းအရမ်းတိုတဲ့အချိန်ကာလ၊ သက်တမ်းအလွန်မရေမတွက်နိုင်အောင်ရှည်တဲ့ အချိန်ကာလတို့၌ ဘုရားမပွင့်ဘူး။ ဘာကြောင့်လဲဆိုတော့ သက်တမ်းမရေမတွက်နိုင်အောင်ရှည်ရင် အနိစ္စသဘောကို သတ္တဝါတွေမမြင်နိုင်လို့၊ သက်တမ်းအရမ်းတိုရင်လည်း နက်နဲသိမ်မွေ့တဲ့တရားသဘောတွေကို မမြင်မသိနိုင်လို့ပဲ။

(၂)

ဒီပ - ဘုရားဖြစ်ရာ ကျွန်းအရပ်။

(၃)

ဒေသ - ဘုရားဖြစ်ရာ အရပ်ဒေသ။

(၄)

ကုလ - ဘုရားဖြစ်ရာ အမျိုးအနွယ်။

စာမျက်နှာ ၁၁ သို့ -

# ရေသောက်မြစ်



လူမှာလည်းအချစ်နဲ့ သစ်ပင်မှာလည်းအမြစ်နဲ့ဟု ဆိုရိုးစကားတစ်ခုရှိပါသည်။ ဒုက္ခ၏အရင်းအမြစ်ကို သစ်ပင်တစ်ပင်၏ရေသောက်မြစ်ဥပမာလို ရှင်သန်ပေါက်ပွားကာ အချစ်၏ဆန်းကြယ်မှု၊ အချစ်၏စေစားမှု၊ အချစ်၏နုပျိုမှုဒဏ်ကို ခံစား၊ စံစားရရှိခဲ့ရသည့် ဆရာကြီး ဦးခင်ကျော်၏ပုံရိပ်လေးများသည် ကျွန်တော်၏စိတ်တွင် ပြန်လည်ထင်မြင်ခဲ့ရပါသည်။

က. ပ. စ စက်ရုံတစ်ရုံမှ အငြိမ်းစားဖြင့် ဥဿျစ်ပင်မြို့ ရပ်ကွက်တစ်ခုထဲမှာ နေထိုင်ကြသော ကျွန်တော့်အစ်မအိမ်တွင် ကျွန်တော်ခေတ္တနေထိုင်ခဲ့စဉ် အစ်မအိမ်အနီးမှ ပညာရေးဝန်ထမ်း အာစရိယမြတ်ဆရာကြီး ဦးခင်ကျော်နှင့်ကျွန်တော် လမ်းလျှောက်ဖော်ဖြစ်ခဲ့ပါသည်။

'မျက်စိနဲ့အဆင်းတိုက်တော့ မြင်စိတ်ပေါ်တယ်။ မြင်စိတ်အပေါ်မှာ ခံစားမှုဝေဒနာဖြစ်တယ်။ ဒါ အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရား။ ငါမြင်တာလည်း မဟုတ်၊ သူမြင်တာလည်း မဟုတ်။ ဒါဆို ဒိဋ္ဌိကွာတယ်သိလား တရုပ်ပိန်။ မြင်တဲ့စိတ်အပေါ်မှာ စွဲလန်းတပ်မက်နေကြလို့ ဒုက္ခတွေဖြစ်နေကြရတော့ပေါ့ကွာ'

သည်စကားတွေကို ကျွန်တော့်အားပြောပြခဲ့သည့် ဦးခင်ကျော်တစ်ယောက် မည်သို့ရှိချေမည်နည်း။

အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးခင်ကျော်ဟုဆိုလျှင် ရပ်ကွက်အတွင်းတွင် ရိုသေလေးစားကြ၏။ ရိုသေလေးစားထိုက်အောင်လည်း သောက်စားပျော်ပါး၊ လောင်းကစားခြင်းမရှိ။ ကျောင်းအုပ်ကြီးပီပီ စည်းကမ်းရှိ၏။ ဝါတွင်းဝါပ၊ လဆန်း၊ လဆုပ်ရှစ်ရက်၊ လပြည့်၊ လကွယ် ဥပုသ်သီလစောင့်ထိန်း၏။ တရားဓမ္မများနှင့်သာ အစဉ်ပျော်မွေ့နေပါသည်။ ဆရာကြီးအား ရပ်မိရပ်ဖသဖွယ် နေရာပေး၊ အရာရာတိုင်ပင်ဆွေးနွေးပြုကြ၍ ဆရာကြီးသည် ပင်စင်စားဘဝကို အေးချမ်းစွာဖြင့်နေထိုင်လျက်ရှိနေခဲ့ပါသည်။

ကျွန်တော်က အသားဖြူ၍ပိန်သူမို့ တရုပ်ပိန်ဟုချစ်စနိုးခေါ်တတ်သော ဆရာကြီး ဦးခင်ကျော်တစ်ယောက် မိန်းမယူတော့မယ်တဲ့။ သည်သတင်းအား ကျွန်တော့်အစ်မက ပေးလာခဲ့ပါသည်။

'ဟုတ်ရဲ့လား မမရာ'

'ဟဲ့ မဟုတ်ဘဲနဲ့ပြောပါ့မလား ငါ့မောင်ရယ်။ ရပ်ကွက်ထဲမှာ အတိအလင်းကိုပြောနေကြတာ'

ကျွန်တော်ရွာပြန်ရောက်နေချိန် မရောက်တာကြာတဲ့ အစ်မအိမ်သို့ရောက်ခဲ့၍ ဤသို့ကြားရခြင်းဖြစ်ပါသည်။

'ဘယ်ကလဲ မမ'

'လမ်းထိပ်က မုန့်ဟင်းခါးရောင်းတဲ့ ကောင်မလေးတဲ့။ အသက်ကတော့ နှစ်ဆယ်ကျော်လောက်ရှိဦးမယ်'

အစ်မအဖြေကို ကျွန်တော်နားထောင်ရင်း ဒီအရွယ်ကြီးရောက်မှ ဆရာကြီးဘယ်လိုဖြစ်သွားရတာလည်း မသိပါဘူးဟု ကျွန်တော်အံ့သြစိတ်တွေ ဖြစ်နေရပါသည်။

'ပေါ်တော်မူလေး တရုပ်ပိန် လာကွာ'

ဆရာကြီး၏နှုတ်ဆက်စကားနှင့်အတူ ကျွန်တော် ဆရာကြီးတို့အိမ်ပေါ်သို့ တက်လိုက်ပါသည်။

'တရုပ်ပိန် မင်းအေးဆေးပဲလား။ဆရာကြီးပြောစရာရှိတယ်ကွ'

ကျွန်တော်မေးရမှာ မဝံ့သောစကားကို ဆရာကြီးပြော၍ ဝမ်းသာသွား၏။

'ဆရာကြီး မိန်းမယူတော့မယ်။ တရုပ်ပိန် သိပြီးလောက်ရောပေါ့။ ဘယ်လိုဖြစ်တာတွေ ဘာကြောင့်တွေ မမေးနဲ့ တရုပ်ပိန်'

'ဒါဆို ဆရာကြီးညီက သဘောတူရဲ့လား'

ဆရာကြီးက-

'အစ်ကိုပဲ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ ဘာမှမလိုဘူး'

ကျွန်တော့်စကားမဆုံးခင်မှာပင် ဆရာကြီးပြောလေ၏။

'ဒီမှာ စာအုပ်အသစ်တွေ ကြည့်စမ်း တရုပ်ပိန်။ ဘယ်လောက်ခေတ်မီလဲ။ ဆွစ်ဇာလန်နိုင်ငံက အသက်ရှစ်ဆယ်ဖွားဖွားကြီး ကြိုးခုန်နေတဲ့သတင်း။ ဒီမှာကြည့်ဦး အသက်ခုနစ်ဆယ်ကျော်ဖိုးဖိုးကြီးနဲ့ အသက်တစ်ဆယ့်ရှစ်နှစ်ကောင်မလေး လက်ထပ်နေကြတာ။ အချစ်ကြောင့် နုပျိုလန်းဆန်းတက်ကြွနေကြတာ အားကျဖို့ကောင်းတယ်'

ဆရာကြီး၏အပြောစကားများကြောင့် ကျွန်တော်ပြုံး၍နေမိရပါသည်။

ဆရာကြီး ဦးခင်ကျော်၏အသက်မှာ ယခုအသက်ခုနစ်ဆယ်ကျော်သာရှိပါသေး၏။ ဆရာကြီး၏ညီဖြစ်သူမိသားစုနှင့်အတူနေထိုင်၍ တူ၊ တူမများအား ထောက်ပံ့ပညာသင်ပေးလျက်ရှိသည်။ ဆရာကြီးညီ၏ဇနီးမှ-

'မောင်တရုပ်ပိန်ရေ မင်းဆရာကြီးကို ကြည့်ပြောပါဦး။ အသက်ကြီးမှ ဘာဖောက်ပြန်တာလည်း မသိတော့ပါဘူး။ ဆေးပေးမီးယူလိုအပ်တယ်ဆိုလည်း တူ၊ တူမတွေ အများကြီးပါကွယ်'

ဆရာကြီးသည် လူပျိုလေးရှုံးအောင် စတိုင်လ်အပြည့်နှင့်သူ့ကောင်မလေးဆိုင်သို့ နေ့တိုင်းရောက်၏။ ဒီလိုဖြစ်နေသောဆရာကြီးအား ပတ်ဝန်းကျင်ကအရိုအသေမပြုကြတော့ပေ။ လူငယ်လေးများက မကြားတကြားပြောကြ၏။ ဆရာကြီး ဂရုမစိုက်တော့ပါ။ ဆရာကြီး၏ ဂုဏ်သမာဓိတွေ နေလာနှင်းပျောက်ဖြစ်ခဲ့လေသည်။

'ဆရာကြီးအချစ်ဆိုတာ ပူလောင်တဲ့မီးဆို'

'တရုပ်ပိန်ရာ မင်းလူငယ်မဟုတ်ဘူးလား'

ကျွန်တော်၏အမေးကိုပြန်မေးလိုက်ရင်း ဆရာကြီးက-

'အချစ်မှာပျိုတာ၊ အိုတာမရှိဘူးကွ။ အချစ်ဆိုတာ သံစဉ်လှလှ ဟာမိုနီနဲ့လိုက်တဲ့သီချင်းတစ်ပုဒ်ကွ။ တရုပ်ပိန်မင်းမှတ်ထားလိုက်။ ရွှေပင်ခန်းမမှာ မင်္ဂလာကိုဆောင်ဦးမှာ'

ဆရာကြီး၏အပြောကို ကျွန်တော်ခေါင်းသာငြိမ့်ရပါတော့သည်။

ဆရာကြီး ဦးခင်ကျော်သည် တရားအသိ၊ သိက္ခာသမာဓိတွေပြည့်စုံစွာဖြင့် နေခဲ့ပါသည်။ ဤသို့နေလာခဲ့ရာမှ အသက်ခုနစ်ဆယ်ကျော်မှ ကံပေါ်တယ်ဆိုရလေမလား။ မျက်စိနဲ့အဆင်းတွေ့ထိ၍ စွဲလန်းနှစ်သက်ခဲ့လေသည်လားဆိုသည်မှာ ဆရာကြီးကိုယ်တိုင်သာ သိနိုင်မည်ဖြစ်ပါသည်။

သစ်ပင်တစ်ပင်သည် ရေသောက်မြစ်ရှင်သန်နေသမျှ ရပ်တည်ကာ အကိုင်း၊ အခက်တို့ ပွားစည်းနေမည်ကဲ့သို့ ဆရာကြီး၏ရင်မှာဖြစ်သော အချစ်၏ရေသောက်မြစ်သည်လည်း. . . . (ဖြစ်ပျက်သမျှတို့သည် ဆရာကြီး ဦးခင်ကျော်နှင့်သာ သက်ဆိုင်နေပါလိမ့်မည်။)

**ကြည်ကိုဦး** (ညောင်ခြေထောက်)

**စာမျက်နှာ ၁၀ မှ -**

(၅)

မာတုအာယုပရိစ္ဆေဒ - မယ်တော်၏အသက်အပိုင်းအခြား။

အလောင်းတော်မြတ်တို့ရဲ့ တန်ခိုးရှိန်စော်အာနုဘော်တို့ကြောင့် နှိုင်းရာတုကင်းတဲ့ အလောင်းတော်တို့သည် မည်သူတစ်ဦးတစ်ယောက်မျှ ပဋိသန္ဓေမယူရသေးတဲ့ ဝမ်းကြာတိုက်တွင်သန္ဓေယူပြီး၊ ဘုရားအလောင်းတို့ သန္ဓေယူပြီးသည့် ဝမ်းကြာတိုက်ကိုမည်သူတစ်ဦးတစ်ယောက်မျှ ပဋိသန္ဓေထပ်ယူခွင့်မရှိတော့ဘူး။ ဘုရားအလောင်းတော်တို့ ခိုအောင်းခဲ့သော ရတနာဝမ်းကြာတိုက်မှာ ယုတ်ညံ့တဲ့မေထုံဆက်ဆံမှုတွေ ပြုခွင့်မရှိတော့ဘူး။ ဒါ့ကြောင့်လည်း မယ်တော်ဟာ ဘုရားအလောင်းကိုဖွားမြင်ပြီး ၇ ရက်မြောက်၌ ကွယ်လွန်ကြရတယ်။ အလောင်းတော်တို့ဟာလည်း မယ်တော်၏အသက်အပိုင်းအခြားကိုကြည့်ပြီးမှ ပဋိသန္ဓေယူကြမြဲပဲ။ ဘုရားအလောင်းတော်ကို မွေးဖွားရလို့ကံဆိုး အသက်တိုရတာမဟုတ်သေးဘူး ဒကာကြီး။

နောက်တစ်ချက်က မယ်တော်မာယာဟာ ၉၁ ကမ္ဘာထက် ဝိပဿီဘုရားပွင့်တော်မူစဉ်က ဗန္ဓုမတီပြည်၌ ဗန္ဓုမတီမင်းကြီးရဲ့သမီးအကြီးဖြစ်ခဲ့ဖူးတယ်။ အဲဒီဘဝမှာ ဝိပဿီဘုရားရှင်ရဲ့ ဂန္ဓကုဋီတိုက်အတွင်း စန္ဒကူးနံ့သာမှုန့်တို့ကိုကြဲဖြန့်ပူဇော်ပြီး 'ဤကောင်းမှုကြောင့် မြတ်စွာဘုရားရှင်ရဲ့မယ်တော်ဖြစ်ရပါလို၏' လို့ ဆုတောင်းခဲ့တယ်။

နောက်ဘဝ၌လည်း ကဿပဘုရားရှင်ကိုဖူးမြော်ရင်း 'ဒီမျှလောက်ထူးခြားတဲ့ ဘုရားရှင်ရဲ့မယ်တော်ဖြစ်ရလျှင်ကောင်းမှာပဲ' လို့ ဘုရားမယ်တော်ဖြစ်လိုတဲ့စိတ်အရှိန်အဟုန်ကြီးစွာဖြစ်လို့ မယ်တော်ဖြစ်ရပါလို၏' ဟုဆုတောင်းခဲ့ပြန်တယ်။

ဒီဆုတောင်းတွေကြောင့် ဂေါတမမြတ်စွာဘုရားရဲ့ မယ်တော်ဖြစ်လာရတယ်။ မယ်တော်တို့၏အသက်အပိုင်းအခြားအတိုင်းပဲ အလောင်းတော်ကိုဖွားမြင်ပြီး ၇ ရက်မြောက်၌ကွယ်လွန်၍ တုသိတာနတ်ပြည်၌ နတ်သားဖြစ်ရတယ်ဒကာကြီး။

ဘုရားရှင်ပွင့်ထွန်းတော်မူတော့ မွေးကျေးဇူးဆပ်တဲ့အနေဖြင့် မယ်တော်အမိဖြစ်ခဲ့ဖူးတဲ့နတ်သားကို အမှူးထားပြီး နတ်၊ ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရားတော်ကြီးကို ဟောကြားတော်မူခဲ့တယ် ဒကာကြီး။ ဒီလောက်ဆို ဒကာကြီးရဲ့ ယုံမှားသံသယတွေပြေပျောက်လောက်ပါပြီ။

ကျွန်ုပ် - မှန်ပါ့ဘုရား။ ရှင်းရှင်းလင်းလင်း သိမြင်သဘောပေါက်ပါပြီဘုရား။ ကျေးဇူးဂုဏ်ကြီးမြတ်လှပါတယ်ဘုရား။

ဆရာတော် - ကောင်းပါပြီ ဒကာကြီး။

ကျွန်ုပ်လည်း ဆရာတော်အားဦးချကန်တော့ပြီး ပြန်ခဲ့လေတော့သတည်း။

# ဆိုး ကောင်း နှစ်ဝ လူ့ဘဝ

စဝ်အားကူ (ချယ်ရီမြေ)



လူ့ဘဝသည် တေးသံတစ်မျိုးတည်းဖြင့် ပြီးသောနေရာမဟုတ်ချေ။ တေးမျိုးစုံ ရောနှောနေသော နေရာဖြစ်လေရာ ကြည်နူးစရာများရှိသလို လွမ်းစရာများလည်းရှိကြသည်။ ပျော်စရာများရှိသလို ငိုစရာများလည်းရှိသည်။ အကောင်းလောကဓံများရှိသလို အဆိုးလောကဓံများလည်းရှိကြသည်။ မွေးဖွားခြင်းလျှင်အစရှိ၍ သေဆုံးခြင်းလျှင်အဆုံးရှိလေသည်။

လူတို့မှာ အဆိုးလောကဓံများကို မလိုလားပါ။ အနိဋ္ဌာရုံကို လက်မခံလိုပါ။ ထိုသို့မလိုလား လက်မခံလိုသော်လည်း ဘဝ၏နိယာမအတိုင်း သူတို့ကိုငြင်းဆန်၍ကား မရချေ။ စင်စစ် အဆိုးလောကဓံနှင့်အခက်အခဲများသည် အကောင်းလောကဓံ ဣဋ္ဌာရုံများထက်ပင် လောကကိုလည်းကောင်း၊ လူကိုလည်းကောင်း ပို၍အကျိုးပြုတတ်သည်။ ဥပမာ- ရောဂါရှိ၍သာ ရောဂါပျောက်ကြောင်းကို ရှာနိုင်ခြင်းဖြစ်သည်။ ဒုက္ခရှိ၍သာ ဒုက္ခသစ္စာမှလွတ်ကြောင်းကို ရှာတွေ့ခဲ့ခြင်းဖြစ်သည်။

လောကီလောကုတ္တရာဆိုင်ရာ ပုဂ္ဂိုလ်ထူးများသည်စည်းစိမ်ခံရင်း လိုရာပန်းတိုင်သို့ရောက်ကြသည်မဟုတ်ချေ။ အဆိုးလောကဓံနှင့် အခက်အခဲများစွာကို ယှဉ်ပြိုင်အနိုင်ယူပြီးမှ ပန်းတိုင်သို့ရောက်ကြစမြဲဖြစ်သည်။ သို့ဖြစ်၍ အဆိုးလောကဓံနှင့်အခက်အခဲများကို မနှစ်သက်သော်လည်း လက်ခံအပ် လိုလားအပ်သည်သာဖြစ်သည်။ သတ္တလောကသို့ ဝင်ရောက်လာသည်နှင့်တစ်ပြိုင်နက် လောကဓံအဆိုးအကောင်းများကို ဘယ်သူမှမငြင်းနိုင် ရင်ဆိုင်ရစမြဲပင်ဖြစ်သည်။ လောကဓံအဆိုးအကောင်းများမှ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာများလည်း လွတ်ရိုးမရှိပါ။ ထို့အတူ အရိယာ၊ လူပုထုဇဉ်များလည်း လွတ်ရိုးမရှိသလို အဟိတ်တိရစ္ဆာန်များလည်း လွတ်ရိုးမရှိပေ။

တစ်ခါက ကျောင်းဆင်းစီနီယာအစ်ကိုတစ်ယောက် ပြောခဲ့သောစကားတစ်ခွန်းကို အမှတ်ရမိပါသည်။ ကျွန်တော်သည် ထိုစီနီယာနှင့်တွေ့သောအခါ-

'အစ်ကို ရာထူးမတက်သေးဘူးလား' ဟုလောကဝတ်သဘော မေးလိုက်ပါသည်။ ထိုအခါ-

'တက်ချင်တာပေါ့ ညီရာ။ ဒါပေမဲ့ ဖြစ်ချင်တာကဆန္ဒ၊ ဖြစ်နေတာက ဘဝ၊ ဆန္ဒနဲ့ ဘဝမတူပါဘူး'

ဟုစီနီယာက ပြန်ပြောခဲ့သည်။

မှန်ပါသည်။ ဘဝနှင့်ဆန္ဒသည်တွဲနေတတ်သော်လည်း တစ်ခုနှင့်တစ်ခုသဘာဝချင်းကား မတူချေ။ ဘဝဟူသည် သူ့သဘောသူဆောင်သည်။ ဘဝသည်အရှိသဘောဖြစ်ရာ ကိုယ်ပြုပြင်ချင်တိုင်း ပြုပြင်၍မရပါ။ သူဖြစ်လိုရာကိုသာ ဖြစ်တတ်သည်။ သို့ရာတွင် ဘဝဟူသည် သူဖြစ်လိုရာဖြစ်တတ်သည်ဟူ၍ သူ့ကိုအထိန်းအကွပ်မရှိ လွှတ်မထားသင့်ချေ။ ဘဝကို ဘဝအသိ၊ ဘဝသတိအထိန်းအမတို့ဖြင့် ထိန်းကျောင်းရမည်သာဖြစ်သည်။ ဆန္ဒဟူသည်ကား အရှိသဘောမဟုတ်ပါ။ အိမ်မက်သဘောသာဖြစ်သည်။ ဘဝ၌ဆန္ဒများလေလေ များသောဆန္ဒနောက်လိုက်ရင်း အမောဆိုက်ရလေလေဖြစ်သည်။ ဘဝအမောမဆိုက်ဟု ဆင်ခြေတက်စေဦး၊ တစ်ခုပြီးတစ်ခုသော ဆန္ဒနောက်သို့ တကောက်ကောက်လိုက်ရင်းလိုက်သူမှာ အချိန်ကုန်လူပန်းဖြစ်ကာ ပန်းတိုင်ပျောက်ရလေတော့သည်။

လောကတွင် တစ်ခါတစ်ရံ၌ မိုးမမြင်လေမမြင်ဖြစ်တတ်သူများက များလှပါသည်။ စီးပွားရေးလောကကိုပဲကြည့်ကြည့်၊ အမှုထမ်းလောကကိုပဲကြည့်ကြည့် အချို့သောပုဂ္ဂိုလ်တို့သည် မိမိတို့မျှော်လင့်ထားသည်ထက် စီးပွားဖြစ်ကြ၊ ရာထူးအဆင့်ဆင့်တက်ကြပြီး အခွင့်အရေးအမျိုးမျိုးကို ခံစားရလေသည်။ ထိုအခါ ပညာသတိအခြေခံနည်းသူများက တယ်ဟုတ်တဲ့ငါပါလား၊ ငါလိုလူ ဇမ္ဗူမှာရှိသေးရဲ့လားဟု မိုးမမြင်လေမမြင်ဖြစ်တတ်ကြသည်။ ထိုအခါရှေ့ပိုင်းက အောင်မြင်ခဲ့သောအရှိန်ကြောင့် ငါလုပ်တိုင်းဖြစ်မှာပါဟု စိတ်ကူးယဉ်ကာ ထင်ရာစိုင်းတတ်ကြလေသည်။

သို့ရာတွင် အတက်သည် အမြဲမဟုတ်။ ကောင်းမှုဖြင့်သာ အချိန်ကုန်ခဲ့သော ဝေဿန္တရာမင်းကြီးသော်မှ ပစ္စယဆင်ဖြူတော်ကိစ္စကြောင့် ဝင်္ကဘာတောင်သို့ အနှင်ခံရကာ ဒုက္ခရောက်ခဲ့ရသေးသည်။ ထိုသို့ဆိုသော် အတက်ပြီးလျှင် အကျ၏အလှည့်သာဖြစ်ပေသည် မဟုတ်လော။ အတက်၌ အရှိန်ဘယ်လောက်ကောင်းကောင်း အရှိန်သေရမြဲဖြစ်သည်။ စစ်တပ်တွင် ကော်ပရာ (Corporal) အဆင့်မျှသာရှိသော နပိုလီယံသည် ကမ္ဘာကျော်စစ်

စာမျက်နှာ ၁၃ သို့ -

## အကြောင်းအကျိုးကိစ္စ



လရောင်ကို လိုချင်ရင်
ညအမှောင်ကို ရလိမ့်မယ်
ည ရှိမှ လ ရှိမှာလေ။

နေ့အလင်းကို လိုချင်ရင်
နေမင်းအပူကို ရလိမ့်မယ်။
အလင်းနဲ့အပူ
အတူတူတတွဲတွဲ ခွဲမရဘူးလေ။

ဆိုတော့
အသား အရိုး
အဆိုး အကောင်း
အကြောင်း အကျိုး
ပံ့ပိုးဆက်စပ်
ရပ်တည်နေကြ သည်လောကမှာ
ဘယ်အရာမဆို
ဘယ်နေရာမဆို
လိုရာဆန္ဒ ပြီးပြည့်ဝဖို့
ငါက 'အမြင့်' သူက 'အနိမ့်'
သူက 'အနိမ့်' ငါက 'အမြင့်'
ခွဲခြားကျင့်လည်း
'အမြင့်' မှာလည်း 'အဆိုးအကောင်း' နဲ့
'အနိမ့်' မှာလည်း 'အကျိုးအကြောင်း' နဲ့။

ပန်းတောင်းနေမင်းထင်

စာမျက်နှာ ၁၂ မှ -

ဘုရင်အင်ပါယာရှင်အဖြစ်သို့ တရိပ်ရိပ်တက်သွားနိုင်သော်လည်း အရှိန်သေသောအခါ ကျခဲ့ရသေးသည်။ ဂျာမဏီစစ်အာဏာရှင် ဟစ်တလာသည်လည်း ထိုသို့သာဖြစ်သည်။ သို့ဖြစ်၍ တက်ပြီးလျှင် ပြန်ကျရစမြဲဖြစ်သည်။ ဤသည်မှာ ဘယ်တော့မှမမှားနိုင်သော လောကသဘောပင် ဖြစ်သည်။

လူဆိုသည်မှာ ယှဉ်ဖက်ရှိသောကြောင့် အခွင့်အရေးရစရာကြုံလာသောအခါ သူများရပြီး ကိုယ်မရလိုက်မှာကို အလွန်စိုးရိမ်တတ်ကြသည်။ ကိုယ်ရဖို့တစ်ခုတည်းသာစဉ်းစားတတ်ကြသည်။ ဤကိစ္စမှာ ငါ့ထက်သာသူရှိသေးလား။ ဒါဖြင့်ရင် ငါကသူတို့ကိုကျော်ပြီး ရသင့်သလားဟု မျှတအောင်စဉ်းစားသူကား အလွန်နည်းသည်။ ဟိုလူတောင် အဆင့်တက်နိုင်သေးတာပဲ။ ဟိုလူက ငါနဲ့စာလျှင် ငါ့အောက်၊ ငါ့လောက်မှမဟုတ်တာ။ ဘာပဲညာပဲ စသည်ဖြင့် သူများကိုမဲပြီး ဒေါဖောင်းနေကြတာကို မကြာခဏတွေ့ရတတ်လေသည်။

ပညာသတိအခြေခံမကောင်းလျှင် လူသည်အရာရာ၌ (ရုပ်ဝတ္ထု) ပြည့်စုံလာလေလေ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလာလေလေဖြစ်သည်။ ထိုအခါ မာန၏သတ္တိအတိုင်း ထောင်လွှားတတ်လာကြသည်။ ကြီးမှသာ မာနရှိသည်မဟုတ်။ မကြီးမငယ်တန်းတူမှာလည်း မာနရှိသည်။ ကိုယ့်အောက်နိမ့်သူမှာလည်း မာနရှိသည်။ ငါ တကောကောလိုခြင်းသည် မာန၏အသင်းဝင်ဖြစ်သည်။ အချို့ကမူ မာနကြီးသည်ကို ဂုဏ်ယူတတ်ကြသည်။ မာနကား ဂုဏ်ယူစရာမဟုတ်၊ စိတ်ညံ့တစ်မျိုးသာဖြစ်သည်။ သူ့ကို မနှိမ်နိုင်လျှင် အလွန်ခက်မည်။ စိတ်မောစရာကောင်းလှပေသည်။

လူသည် ပညာသတိနှလုံးသွင်းမရှိလျှင်၊ ရှိသော်လည်းအားမကောင်းလျှင် အလွန်ပင်ကြောက်တတ်၊ စိုးရိမ်တတ်သည်။ ဘယ်နေရာမှာမှ ခံနိုင်ရည်မရှိချေ။ အလွန်တုန်လှုပ်သော သဘောဖြစ်သည်။ အဆိုးလောကဓံနှင့်တွေ့လည်း တုန်တုန်လှုပ်လှုပ်ဖြစ်သည်။ အကောင်းလောကဓံ နှင့်တွေ့ပြန်လျှင်လည်း မနေတတ်မထိုင်တတ်ဖြစ်၍ အောက်ခြေလွတ်တတ်သည်။ လောကတွင် ထိုသို့သောလူများက အများစုဖြစ်သည်။

လူသည် သူ့ကိုစာပေအနုပညာ၊ ဘာသာတရား၊ ယဉ်ကျေးမှုများစွာနဲ့ ဖိထားသော်လည်း ပိပြားခြင်းမရှိ။ ထိုးထိုးထောင်ထောင် ဖြစ်တတ်သေးသည်။ လောဘ၏စေရာ၊ ဒေါသ၏စေရာ၊ မောဟ၏စေရာသို့ ဆန္ဒရှိတိုင်းလိုက်ပါတတ်သည်။ ထိုအခါ ငါတကော ကောချင်သောသဘာဝသည် ဘွားဘွားကြီးပေါ်လာသည်။ ဤလူ့ဘောင်၌ ငါတစ်ယောက်တည်းနေခြင်း မဟုတ်သောကြောင့် ငါတကောကောခြင်းသည် မသင့်လျော်သည်သာ။ ငါ့အပြင် သူသူကိုယ်ကိုယ်တို့ကိုလည်း မျှတအောင်ကြည့်ရဦးမည်သာဖြစ်သည်။ စင်စစ် လူ့ဘဝဆိုသည်မှာ ကိုယ့်တစ်ယောက်တည်း မဟုတ်သဖြင့် အတ္တပရရှိသင့်သည်သာဖြစ်သည်။

လူ့ဘဝဆိုသည်မှာ ပန်းခင်းသောလမ်း မဟုတ်ချေ။ အဆိုးအကောင်းနှစ်ဌာန ရောနှောနေသော ဘဝမျိုးဖြစ်သည်။ ဘဝတွင် ကောင်းတာချည်းကိုသာလိုချင်၍မရနိုင်။ အကောင်းကိုလိုချင်လျှင် အဆိုးလည်း မလွဲမသွေပါရမည်ဖြစ်သည်။ သုခကိုလိုချင်လျှင်လည်း ဒုက္ခလည်းပါရမည်သာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အကောင်းနှင့်အဆိုး တစ်နည်းအားဖြင့် သုခနှင့်ဒုက္ခတို့သည် တစ်ဆက်တစ်စပ်တည်း ဖြစ်တတ်သောကြောင့်ပင်ဖြစ်သည်။ ဥပမာ - ရောဂါရနေသောပုဂ္ဂိုလ်သည် ဒုက္ခဝေဒနာကို ခံစားရသည်။ ထိုရောဂါ မပျောက်မချင်း သုခမရနိုင်။ ရောဂါတည်းဟူသောဝေဒနာကို ရှေ့ကခံပြီးမှသာ ရောဂါပျောက်သောသုခဝေဒနာကို တစ်ဆက်တည်းခံစားရလေသည်။

သို့ဖြစ်၍ ဒုက္ခနှင့်သုခပေါင်းစပ်ထားသော ဘဝမှအကောင်းတစ်ခုတည်းကိုသာကွက်၍ ရနိုင်မည်မဟုတ်ပါ။ မရလျှင်လည်း ဘဝကိုမငြင်းသင့်ချေ။ ငြင်းနေလျှင် ဘဝမှထွက်ပြေးနေသူသာဖြစ်သည်။ ယုတ်စွအဆုံး ဘဝ၏နောက်ဆုံးအပိုင်းဖြစ်သော သေခြင်းကိုပင်မငြင်းသင့်။ သေခြင်းကိုလက်မခံလို၍ ကြောက်ဒူးတုန်နေလျှင် မငြင်းသင့်သောသေခြင်းကို ငြင်းရာရောက်သည်။ တစ်နည်းအားဖြင့် ဘဝကိုငြင်းဆန်ရာရောက်သည်။ သို့ဖြစ်၍ ပုဂ္ဂိုလ်တစ်ဦးက 'ငါသည် ဤဘဝကိုချစ်သောကြောင့် သေခြင်းကိုလည်း ချစ်ရပေလိမ့်မည်' ဟုဆိုခဲ့ဖူးသည်။ ဤသို့ဆိုသော် အသက်မသေခင် အသက်အန္တရာယ်နဲ့ အဝေးကြီးဖြစ်သော ဖြစ်ရိုးဖြစ်စဉ်၊ ဘဝ၏ ဒုက္ခလောက်ကိုကား အဘယ်သို့ဆိုဖွယ်ရာရှိအံ့နည်း။

ဘဝဆိုသည်မှာ တစ်ခါတစ်ရံကြီးမားသော အခက်အခဲများ၊ သေးငယ်သောအခက်အခဲများနှင့်လည်း ကြုံတွေ့ရတတ်ကြစမြဲပင်။ ထိုအခါ အခက်အခဲများကြားမှ ကိုယ့်ဘာသာကိုယ်ရုန်းထွက်ရင်း ကိုယ့်အားမှီတွယ်လာသောသူများကိုလည်း မညည်းမညူသယ်ပိုးရသေးသည်။ ဆိုလိုသည်မှာ ဘဝဟူသည်ငါ့အတွက်ချည်းပဲမဟုတ်၊ သူ့ဖို့တွက်တာ ပရသဘောလည်းပါရသည်သာဖြစ်သည်။ အတ္တပရမျှတအောင်နေတတ်မှ ဘဝအရသာကိုခံစားရသည်။

ထို့ကြောင့် ဘဝဆိုသည်မှာ အခက်အခဲများစွာ၊ မနှစ်မြို့စရာများစွာနှင့် ရွံ့စရာစက်ဆုပ်စရာမဟုတ်ပါ။ ဘဝ၌ အခက်အခဲရှိသည်မှာ မှန်၏။ သို့ရာတွင် အခက်အခဲကို ဖြေရှင်းနိုင်သည်။ ကျော်လွှားနိုင်သည်။ အခက်အခဲမရှိနေရခြင်းထက် အခက်အခဲကို ကျော်လွှားနိုင်သောအခါ ခံစားရသည့်ဘဝအရသာသည် ဘယ်အရာနဲ့မှမတူပေ။ အရသာထူးဖြစ်သည်။ သို့ဖြစ်၍ ဘဝ၌တွေ့ရသော အခက်အခဲများသည် ဘဝကိုထက်မြက်စေသည်။ ဘဝကို တောက်ပြောင်စေသည်။ ဘဝကိုအမွှမ်းတင်ပေးသည်။ ထို့ကြောင့် လူဟူ၍ဖြစ်လာလျှင်ကား လောကရဲ့အဆိုးအကောင်း နှစ်ထွေစလုံးကိုကောင်းစွာလက်ခံပြီး လူ့ဘဝကြီးကို မငြင်းအပ်မပယ်အပ်ဘဲ ကောင်းစွာလက်ခံသင့်ပေသည်။




The Golden Industrial Journal

**အတိုင်ပင်ခံအယ်ဒီတာ**
ဒေါ်ခင်မာရီ

**အယ်ဒီတာချုပ်**
ဦးအောင်စိုးရ

**အယ်ဒီတာ**
ဦးခင်မောင်သိန်း
ဦးအောင်မျိုးခိုင်
ဦးသောင်းဦး
ဦးကျော်လှိုင်

**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
ဒေါ်သစ်သစ်အောင်

**ကွန်ပျူတာစာစီ**
ဒေါ်နှင်းသီတာ

**ထုတ်ဝေသူ**
ဦးအောင်စိုးရ
မှတ်ပုံတင်အမှတ် – ၀၄၆၅၉
လိပ်စာ – အခန်း ၂၂၊ တိုက် ၄၆၊
ပညာသိဒ္ဓိရပ်ကွက်၊ နေပြည်တော်

**ပုံနှိပ်တိုက်**
ရွှေနိုင်ငံ

**ပုံနှိပ်သူ**
ဦးမောင်မောင်လှ
မှတ်ပုံတင်အမှတ် – ၀၅၇၄၅
အမှတ် (၉၀) ကမ္ဘာအေးဘုရားလမ်း၊
ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်

**စောင်ရေ**
၆၆၄၅

**တန်ဖိုး**
၂၀၀ ကျပ်

**ဂျာနယ်တိုက်လိပ်စာ**
ရုံးအမှတ် (၃၀)
စက်မှုဝန်ကြီးဌာန
နေပြည်တော်။
ဖုန်း – ၀၆၇ ၄၀၅၀၅၁
E-mail
shwesethmu@gmail.com

**ဖြန့်ချိရေး**
စက်မှုဝန်ကြီးဌာန

# ကဲ အခုဘယ်လိုလုပ်မလဲ



**လွမ်းအိမ်သူစိုး**

ဝန်ထမ်းဘဝဆိုသည်မှာ အတက်အကျနည်း၍ တည်ငြိမ်သော၊ သိက္ခာရှိသော၊ ဖြူစင်သောဘဝဟု ဝန်ထမ်းများပင်ဖြစ်သော အဖေနှင့်အမေကပြောဖူးသည်။ အဖေနှင့်အမေက သူတို့လည်းဝန်ထမ်း သက်ပြည့်သည် အထိ အလုပ်ကိုကြိုးစားလုပ်ပြီးမှ ပင်စင်စားများဘဝနှင့် အေးချမ်းစွာနေကြရင်း သူတို့မွေးထားသော သားသမီးလေးယောက်လုံးလည်း ဝန်ထမ်းများဖြစ်နေခြင်းကို အမြဲဂုဏ်ယူနေလေ့ရှိသည်။ ဒီလိုပဲ ကျွန်မတို့မောင်နှမလေးယောက်ကလည်း အမည်းအစွန်းအထင်းမရှိဘဲ ပင်စင်ရသည်အထိ ဝန်ထမ်းဘဝကို ကြိုးစားဖြတ်ကျော်ရင်း သားသမီးများကိုအသိပညာ၊ အတတ်ပညာများပေးခဲ့သည့် မိခင်နှင့်ဖခင်တို့အတွက်လည်း အမြဲဂုဏ်ယူနေရသည်။ ကျွန်မတို့သည် ငွေကြေးမချမ်းသာသော်လည်း ရပ်ကွက်ထဲတွင်ဂုဏ်သိက္ခာရှိသော၊ လူအများက ယုံကြည်လေးစားခံရသော မိသားစုအဖြစ်ရပ်တည်နေနိုင်ခဲ့သည်။

သို့သော် ကျွန်မတို့မောင်နှမလေးယောက်လုံး အိမ်ထောင်ကျပြီဖြစ်၍ အားလုံး၏အတွေ့အကြုံများကို ပြောပြလိုပါသည်။

မမကြီး - ‘မင်းတို့အလုပ်က တစ်လဘယ်လောက်ရနေလို့ ဒီလောက်တောင် ပိတ်ရက်မရှိသွားနေရတာလဲ’

‘ကလေးတွေစာမေးပွဲရက်မို့ သွားနေတာပါ ယောက်ျားရယ်။ ဘယ်လောက်ရရ၊ မရရပေါ့ ဆရာမဆိုတာ ကျောင်းသားတွေစာမေးပွဲရက်ဆို အလုပ်ရှုပ်စမြဲပဲ’

‘စာမေးပွဲပြီးတော့လည်း ဟိုမွမ်းမံတက်ရ၊ ဒီသင်တန်းတက်ရ၊ ကလေးများအတွက် နွေရာသီဘာသင်တန်း၊ ညာသင်တန်းနဲ့ ဘယ်မှာ နားရလို့လဲ’

‘ဒါတော့မတတ်နိုင်ဘူးတော်ရေ။ ဘာလို့ ကျောင်းဆရာမကိုယူထားသေးလဲ။ ကိုယ့်အလုပ်တော့ ကိုယ်လုပ်ရမှာပဲ’

ကိုကိုကြီး - ‘ဒီမှာဆရာကြီးရဲ့ (တပ်ကြပ်ကြီးကို ဆိုလိုခြင်းဖြစ်သည်) ကိုယ့်မှာအိုးပိုင်၊ အိမ်ပိုင်လည်းမရှိ၊ တပ်ကထွက်ရင် နေစရာတောင်မရှိဘူး။ သူများမိန်းမတွေဆို ရွှေတွဲလဲ၊ ငွေတွဲလဲနဲ့။’

‘သူများမိန်းမတွေလို ရွှေတွဲလဲ၊ ငွေတွဲလဲနေချင်ရင် သဘော်သားယူခဲ့ပါလား။ ဘာလို့စစ်သားယူသေးတုံး’

မောင်လေး -‘ကျောင်းတုန်းက သူငယ်ချင်းတစ်ယောက်နဲ့ပြန်တွေ့တယ်။ သူ့ယောက်ျားက မိဘလက်ထက်ကလည်း ချမ်းသာတယ်။ ခုလည်းလုပ်ငန်းရှင်ဆိုတော့ လက်ဖျားမှာငွေကိုသီးနေတာပဲ မောင်ရယ်’

‘အေးပါ မိန်းမရယ်။ ယောက်ျားလည်းရသမျှတော့ မင်းကိုအပ်တာပဲကွာ။ ကိုယ်ကသူများတွေလို မချမ်းသာတော့လည်း စစ်စစ်စီစီသုံးပေါ့’

‘မောင့်သူငယ်ချင်း ဟိုဗိုလ်မှူးလည်း တော်တော်ရတာပဲလေ’

‘ဟာကွာ စိတ်တိုလာပြီ။ ဒါဆိုလည်း မင်းဟိုတုန်းထဲက သူဌေးရှာယူခဲ့ပါလားကွာ’

× × ×

ကျွန်မ - တစ်နေ့တွင် ဌာနတစ်ခုမှ အလုပ်ရုံစုမှူးတစ်ဦးဖြစ်သော သူငယ်ချင်းမိသားစု အလည်လာကြသည်။ သူတို့မိသားစုက အတိတ်ကံအကျိုးပေးအလွန်ကောင်းပါသည်။ ငွေရေးကြေးရေး ပြေလည်ကြသည်။ တစ်ဖက်က ဝန်ထမ်းလုပ်ရင်း တစ်ဖက်ကလည်း အစုစပ်ရှယ်ယာ၊ ဘာညာလုပ်ထားသည်များလည်း ရှိသည်။ အိမ်၊ ခြံ၊ မြေ၊ ကားစသည်ဖြင့် လက်လှမ်းမီရာ ပွဲစားအလုပ်လေးများကလည်း ဖုန်းတစ်လုံးဖြင့် လုပ်သေးသည်။

သူတို့တွင် ကျွန်မသားနှင့်ရွယ်တူသားလေး တစ်ယောက်လည်းရှိရာ လာလည်သောနေ့က သူတို့သားလေးပါ ပါလာခဲ့သည်။ သူတို့ကားက ခုမှဂျပန်မှတင်သွင်းလာသော နောက်ဆုံးပေါ် မော်ဒယ်မြင့် ကားတစ်စီးဖြစ်သည်။

ကျွန်မတို့အိမ်ရှေ့မှာရပ်ထားသည်က ကျွန်မအားစက်ရုံမှပေးထားသော ‘ဇ’ နံပါတ်မာစဒါဂျစ်။ ကလေးလေးက သူ့အဖေကိုမေးသည်။

‘ဖေဖေ ဒါကဘာကားလဲ’

‘ ဒါ မာစဒါဂျစ်ပေါ့ သားရဲ့’

‘အဲယားကွန်းပါလား’

သူငယ်ချင်းက ကျွန်မကိုအားနာပါးနာ လှည့်ကြည့်သည်။ ကျွန်မကပြုံးပြလိုက်သည်။

‘မပါဘူးသားရဲ့။ ဒါပေမဲ့နော် ဒီကားက အရာရှိတွေမှစီးရတာ။ အန်တီက ဖေဖေ့ထက်ရာထူး အများကြီးမြင့်တယ်။ အန်တီက လက်ထောက်ညွှန်ကြားရေးမှူး၊ ဖေဖေက ခုမှစုမှူးပဲရှိသေးတယ်’

ကျွန်မသားက ကောက်ခါငင်ကာဝင်ပြောလိုက်သည်မှာ-

‘မေမေ သားကြီးလာရင် စုမှူးပဲလုပ်တော့မယ်။ လက်ထောက်ညွှန်ကြားရေးမှူး မလုပ်တော့ဘူး’ တဲ့။

ကဲ အခုဘယ်လိုလုပ်မလဲ။ မိတ်ဆွေရော သားသားကို ဘယ်လိုဖြေရှင်းချက်ပေးမှာပါလဲ။ ကျွန်မတို့မောင်နှမများ၏အိမ်ထောင်ဘက်များကိုရော ဘယ်လိုနှစ်သိမ့်မှုများ ပေးရင်ကောင်းမလဲရှင်။

# ပန်းတိုင်သစ်ဆီသို့



**သဟဇ (ပခုက္ကူ)**

- တောင်သွယ်တန်းပြာ ဝန်းရံကာ
  အလယ်မြေပြန့်မှာ
  ရော၊ ချင်းတွင်းစီးဆင်းရင်း
  ကောင်းခြင်းဝေငှလာ။
- ကျောက်သံရေနံ စာတ်ငွေ့လျှံ
  သယံဇာတစံ
  စိုက်ရန်မြေလွှာ မျိုးစုံစွာ
  လယ်ယာဥယျာဉ်ခြံ။
- ဆိပ်ကမ်းသာစေ ပင်လယ်တွေ
  ရေကြောင်းကုန်သွယ်နေ
  ဘိုးဘွားအမွေ တို့ရှိပေ
  ဘူမိနက်သံမြေ။
- ပြည်ရွှေမြန်မာ ပြည့်စုံစွာ
  နိုင်မာရင်းမြစ်တွေ
  စိတ်သစ်နည်းသစ် ပေါင်းစည်းဖြစ်
  ခေတ်သစ်ဖွံ့ဖြိုးဝေ။
- တို့မြန်ပြည်သစ် အောင်မြေဖြစ်
  ဖွင့်လှစ်ရွှေရောင်ခေတ်
  ချစ်ခင်ငြိမ်းချမ်း ကောင်းသောလမ်း
  တက်လမ်းပန်းတိုင်သစ်။

# မြန်မာနိုင်ငံသူ

## စိမ်းစိုဦး

ကျွန်တော်တို့အဖွဲ့ နှာခေါင်းကျည်ပွေ့တွေ့ကာ အရေးပေါ်အခြေအနေကြေညာရမည့်ကိန်း ဆိုက်နေပါလေသည်။ မတ်လလယ်၏ မွန်းတည့်ခါနီးနေပူဒဏ်၊ ခရီးပန်းဒဏ်၊ အရက်ဒဏ်သင့်ကာ အီစလံဝေကုန်ကြပြီဖြစ်၏။ လမ်းဘေးလယ်တဲတွင် ခေတ္တဝင်နားအပန်းဖြေပြီး ဓာတ်ဆီထပ်ဖြည့် အင်နာဂျီထပ်သွင်းရမည်ဖြစ်၏။ သို့ပါမှ ၅ မိုင်ခန့်ဝေးဦးမည့် ဆင်တဲ (ကပစ) သို့အရောက် လမ်းလျှောက်ခရီးဆက်နိုင်ပါမည်။

အဖွဲ့ခေါင်းဆောင် ကျွန်တော် အရေးပေါ်စီမံရလေပြီ။

'ဟူး --- ကိုမြင့်အောင်တို့၊ ကိုသန်းမင်းက ပျော့တယ်ကွာ။ သာခွေရိုင်ပြီးလဲလို့ပေါ့ မောင့်ပုံဖြစ်နေပြီ။ တို့ခဏနားပြီး ဓာတ်ဆီထပ်ဖြည့်မှဖြစ်တော့မယ်။ တို့ကိုအမီမလိုက်နိုင်၊ မလျှောက်နိုင်တော့ဘူး။ ရှေ့နားက လယ်တဲမှာခဏဝင် အမောဖြေမယ်။ မင်း ကိုသန်းမင်းကို စောင့်ခေါ်ပြီး လယ်တဲဆီလိုက်ခဲ့။ ငါတဲရှင်ဆီမှာ ခွင့်တောင်းထားပြီး တဲကပဲစောင့်နေမယ်။ မင်းတို့ တဲဆီလိုက်လာခဲ့ကြကွာ'

ကျွန်တော်ပြောဆိုစီမံကာ ဆင်တဲမြေဝါကုန်းသွားလှည်းလမ်းမှ ခွဲထွက်၍ လမ်းနှင့်မဝေးသော လယ်တဲသို့ တူရူပြုရ၏။ လယ်တဲတွင် အသက် ၄၀ ခန့်အရွယ် အစ်မကြီးတစ်ဦးတည်းသာရှိနေပါသည်။ လယ်တဲမှာအတော်ကြီး၍ မိသားစုများဟန်ရှိ၏။ ဤတဲသို့ ကျွန်တော်မဝင်ဖူး။ မရောက်ဖူးချေ။

'အစ်မကြီးရေ ကျွန်တော်တို့က ဆင်တဲ (ကပစ) စက်ရုံက ရဲဘော်လေးတွေပါ။ နောက် ၂ ယောက်ပါသေးတယ် အစ်မ။ အစ်မတဲမှာ ခဏဝင်နားအပန်းဖြေပါရစေ။ ရေလေးဘာလေး သောက်ရင်းပေါ့'

ကျွန်တော် ရိုကျိုးစွာခွင့်တောင်းရပါသည်။ ဤဆင်တဲနှင့် မြေဝါကုန်းလှည်းလမ်းကိုသုံးကာ အကြိမ်ပေါင်းများစွာ သွားလိုက်ပြန်လိုက် လုပ်နေပါသော်လည်း ဤလယ်တဲသို့ မဝင်ဖူး၊ မရောက်ဖူးပါချေ။ လယ်တဲရှင်များမှာ ဘယ်ရွာကမှန်းမသိ။ ဗမာတွေလား၊ ချင်းတွေလား ဘာမှန်းလည်းမသိ။ ဘယ်ဘာသာဝင်တွေမှန်းလည်း မသိ။ ယခုမှ အရေးပေါ်အခြေအနေအရ ခေတ္တနားနေ အမောအပန်းဖြေရန် ခွင့်ပန်ရခြင်းသာဖြစ်ပါသည်။

'သြော် နားကြပါဟယ်။ ဘယ်ကပြန်လာကြတာတုန်း။ နေပူကပြင်းပါဘိသနဲ့'

အစ်မကြီးက ဖော်ရွေပျူငှာပါသည်။

'မြေဝါကုန်းရွာက ပြန်လာကြတာပါ အစ်မရဲ့'

'အိုး အဝေးကြီးပဲ နားပါနားပါ အားမနာပါနဲ့ဟယ်'

'အစ်မကြီးက တစ်ယောက်ထဲပါလား'

'အင်းလေ ငါကတဲစောင့်ပေါ့။ သားနဲ့သမီးက သူတို့အဖေမီးသွေးဖိုဆီ ထမင်းပို့ရင်း ကူလုပ်ဖို့သွားနေကြလေရဲ့'

'အစ်မကိုခွင့်တောင်းရဦးမယ်။ ဟဲ ဟဲ



ကျွန်တော်တို့အဖွဲ့ အပန်းဖြေနားနေရင်း နေပူခံလေးပေါ့အစ်မရယ်။ သောက်လားစားလား လုပ်ကြဦးမှာ။ အစ်မခွင့်ပြုပေးပါနော်။ ပြီးရင် ဆင်တဲကို ခရီးဆက်ထွက်ကြမှာပါ'

ရှေ့မျက်နှာ နောက်ထားကာ ကျွန်တော်ပြောရဆိုရ၏။ ကြိုက်မကြိုက် သိမှမသိဘဲကိုး။

'အိုး သောက်ပါဟယ်။ ယောကျ်ားသားတွေပဲ မီးဖိုချောင်ဘက်မှာ မန်ကျည်းသီးခြောက်၊ ဇီးသီးခြောက်တွေပဲရှိတယ်။ နင့်ဖာသာ ရှာဖွေယူမြည်းပေါ့။ အားမနာပါနဲ့'

အစ်မကြီးက သဘောမနောကောင်းသလောက် အလိုက်သိ၏။ နားလည်ပေးနိုင်စွမ်းမြင့်မား၏။ ရိုးပုံရိုးလက်မျက်နှာနှင့် မရှိအေးအေး ရှိအေးအေး မြင်တွေ့နေကြတောသူများပုံပန်းရှိပါသည်။ ရိုးသားဖြူစင်၏။

× × ×

ကိုမြင့်အောင်နှင့် ကိုသန်းမင်းတို့နှစ်ယောက်တဲသို့ရောက် ရေသောက်ပြီးနောက် မကြာမီ ယမကာအစီအစဉ်စကြတော့သည်။ ခရီးပန်းဒဏ်၊ နေပူဒဏ်၊ အရက်ဒဏ်ထိကာ ပင်ပန်းနွမ်းရိဒဏ်ပိဝန်ပိအထိနာလေဟန်တူသော ကိုသန်းမင်းမှာ ပြန်ပြူးသောတဲပေါ်ရောက်သည်နှင့် တုံးလုံးပက်လက်ဖလက်ပြနေတော့သည်။

ကျွန်တော်တို့အဖွဲ့မှာ စာပေစွမ်းရည်အဘယ်မျှရှိမည်ကိုပြောရန် စောသေးသည့်တိုင် စည်းပျက်ကမ်းပျက်လုပ်ရာတွင်ထူးချွန်သော ကဗျာရူး၊ စာရူး စာပေသမားများဖြစ်ကြပါသည်။ ကျွန်တော်က ကိုမြင့်အောင်၊ ကိုသန်းမင်းတို့ထက် စာပေဝါရင့်ကာ ရှေ့သို့ရောက်နေသူဟုဆိုနိုင်ပါသည်။ သူတို့မှာ လူပျိုကလေးများဖြစ်၍ ကျွန်တော်က သူတို့ထက် အသက်ရော၊ စစ်သက်ရော၊ စာပေဝါရော ရင့်သောသားတစ်ယောက်အဖေ အိမ်ထောင်သည်ဖြစ်၏။

ရှစ်လသားအရွယ် နို့မပြတ်သေးသောသားအား မြေဝါကုန်းရွာရှိ အဘိုးအဘွားများထံ ပို့ထားရခြင်းကြောင့် ဆင်တဲ (ကပစ) မှ အနောက်စူးစူး ၁၀ မိုင်ခန့်ဝေးမည့် မြေဝါကုန်းရွာသို့ တစ်လနှစ်ကြိမ် ခြေလျင်တစ်လှည့်၊ ကုန်းကြောင်းတစ်လှည့်နှင့် သားအတွက် နို့ဆီ၊ နို့မှုန့်၊ စားရေရိက္ခာ ပို့ပေးနေရသူဖြစ်ပါသည်။ မိခင်နို့တိုက်မရခြင်းကြောင့် သားဆက်နီးကာ ဇနီးတွင် ကိုယ်ဝန်ရှိလာပြန်ခြင်းကြောင့် ယောက္ခမများအား ဒုက္ခပေးရခြင်းဖြစ်၏။

၁၀ မိုင်ခရီးကို သွားလိုက်ပြန်လိုက် လုပ်ရသောဒုက္ခမှာ သူများအတွက်ကြီးစွာသောအတိဒုက္ခကြီးဖြစ်ပါမည်။ သို့သော် တာဝေးအပြေးသမား၊ ၂၆ မိုင် မာရသွန်ပြိုင်ပွဲချန်ပီယံ ကျွန်တော့်အဖို့ အပျော့။ အီးဇီတည်း။ ဤခရီးမဝေးလှချေ။

ကျွန်တော့်ခရီးကို ကျွန်တော့်နည်းနှင့် ဆင်တဲမြေဝါကုန်း သွားလိုက်ပြန်လိုက် လုပ်နေသည်ကို ကိုမြင့်အောင်နှင့် ကိုသန်းမင်းတို့ သိသွားကြရာမှ မြေဝါကုန်းချင်းရွာသို့ လိုက်ပါလည်ပတ်လိုပါသည်။ ဒေသဗ္ဗဒေ ရဗဟုသုတရလိုပါသည်။ ခရီးရှည်လေ့လာရေးခရီးထွက်လိုပါသည်ဟု အရေးဆိုကြရာမှ ဤအစီအစဉ်ပေါ်ပေါက်လာခဲ့ရခြင်းဖြစ်ပါသည်။ စာပေအပေါင်းအသင်းများပေပဲ။

'ခရီးဝေးလွန်းတယ်ကွ'

ဟု အကြောင်းပြလည်းမရ၊ ထို့ကြောင့် စနေနေ့ နေ့လယ် ၁ နာရီက မြေဝါကုန်းချင်းရွာသို့ ချီတက်ကြ၏။ တစ်ရွာဝင်တစ်ရွာထွက် ခရီးဆက်ရင်း အရက်သောက်၏။ ခရီးရှည်လေ့လာရေးအဖြစ် စည်းပျက်ကမ်းပျက်လုပ်၊ တစ်လမ်းလုံး ကဗျာစကားပြောသွားကြ၏။ ညမမှောင်မီ မြေဝါကုန်းရွာသို့ရောက်၏။ မြေဝါကုန်းရွာမှ တနင်္ဂနွေနေ့မနက်ပြန်မထွက်မီ ရွာတစ်ပတ်လေ့လာကြည့်ရှုပြီးမှ သွေးပူလေ့ကျင့်ခန်းအဖြစ် တစ်ခွက်တစ်ဖလားမော့ပြီးမှ အပြန်ခရီးစနိုင်ကြ၏။ ညောင်ဖြူချင်းရွာတွင် ထပ်မံဓာတ်ဆီဝင်ဖြည့်၊ အပိုဆောင်းရိက္ခာအဖြစ် ဗူးနှင့်သယ်လုပ်ကြ၏။

ခုတော့ ငါးဆယ်ပေးရွာသို့ မရောက်မီ လှည်းလမ်းဘေးလယ်တဲတွင် ခေတ္တနားကာ ဓာတ်ဆီထပ်ဖြည့်နေကြရပြန်လေပြီ။ ကိုသန်းမင်းမှာ သေညက်ပိန်ပါးကာ ဒဏ်ပိဝန်ပိဖြစ်နေပါသော်လည်း အရက်သောက်ရာတွင်တော့ ဖွဲကောင်းပါသည်။ သူ့အလှည့်ကျ အရက်ခွက်ကို အလျားမှောက်ရင်းက သောက်ဖြစ်အောင် သောက်၏။ ကိုမြင့်အောင်နှင့် ကျွန်တော်တို့က ကိုယ်ခံအားကောင်းကြ၏။

'တို့စာပေသမားတွေဟာ ရုပ်ရှင်၊ ဂီတ၊ ပန်းချီ၊ ပန်းပု၊ ဇာတ်သဘင်သမားတွေလို အနုပညာအလုပ်ကိုလုပ်ကြ။ အနုပညာသမားအဖြစ် ခံယူကြပေမယ့် ယေဘုယျအားဖြင့်ပေါ့ကွာ ရုပ်ရှင်၊ ဂီတ၊ ဇာတ်သဘင်သမားတွေလို ဖျော်ဖြေရေးမဆန်ဘူးကွ။ ပညာရှိဆန်ပါတယ်။ အသိကြွယ်ဉာဏ်ကျယ်ပြီး စာဖတ်သူကို မှန်ကန်တဲ့အသိအမြင်ဗဟုသုတ ဉာဏ်ပညာအမြော်အမြင်ကို စာပေအနုပညာနည်းနဲ့ တည့်မတ်လမ်းညွှန်ပေးဖို့ ကြိုးစားကြတယ်ပေါ့ကွာ'

'သံဟာအပ်မှာဆုံးတယ်။ လူဟာ ဇာတ်မှာဆုံးတယ်လို့ ဆိုရိုးစကားရှိတယ်ကွ။ သံတွေသံပဲ သေးငယ်တဲ့အပ်ဖြစ်သွားရင် အပ်အဖြစ်အသုံးဝင်တာပဲရှိတော့တယ်။ တခြားပစ္စည်းလုပ်မရတော့ဘူး။ လူဟာ ဇာတ်သဘင်အနုပညာသမားဖြစ်သွားရင် လူမှုရေး၊ အိမ်ထောင်ရေးကိစ္စတွေမှာ စည်းပျက်ကမ်းပျက်လုပ်၊ ဖြစ်ချင်တိုင်းဖြစ်၊ ပရမ်းပတာလျှောက်ဖြစ်တာကြောင့် သိက္ခာမရှိ၊ အရှက်အ

စာမျက်နှာ ၁၆ သို့ -

**စာမျက်နှာ ၁၅ မှ -**

ကြောက်မရှိတာမို့ လူမှာဇာတ်မှာဆုံးတယ်လို့ ပြောကြတာပေါ့။ တို့ဆရာကြီး သခင်ကိုယ်တော်မှိုင်းဟာ ဆရာကြီးရဲ့ စာပေအစွမ်းကြောင့် လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်းမှာ ပထမဆုံးအလင်္ကာကျော်စွာဘွဲ့ရတဲ့ ပုဂ္ဂိုလ်ကြီးပါပဲ။ ဒါပေမယ့် အစိုးရက အလင်္ကာကျော်စွာဘွဲ့တွေကို ဖောဖောသီသီပေးတော့ ဆရာကြီး စိတ်တိုရောကွ။ သီချင်းဆိုတဲ့ ကောင်မတွေနဲ့အတူတူရတဲ့ အလင်္ကာကျော်စွာဘွဲ့ကို ငါဘာလုပ်ရမှာလဲကွ။ ငါ့ကို သက်သက်သိက္ခာချတယ်ဆိုပြီး သေသာသွားတယ်၊ စကားထဲထည့်မပြောတော့ဘူး။ အနုပညာအလုပ်ပေမယ့် ဂုဏ်သိက္ခာချင်း၊ တန်ဖိုးချင်း မတူဘူးဆိုတဲ့သဘော’

‘ဟာ အစ်ကိုကြီး ပြဿနာပဲ။ ကိုသန်းမင်းအိပ်ပျော်သွားပြီဗျ။ ဟေ့လူ ဟေ့လူ ကိုသန်းမင်း၊ ကိုသန်းမင်း။ သွားပြီ ဘာမှလုပ်မရတော့ဘူး’

ခရီးတစ်လျှောက် ကဗျာစကား၊ စာစကားများ စုံတကာစေ့အောင်ပြောလာခဲ့သည့်တိုင် အားမရဘဲ ကျွန်တော်စကားကြောရှည်နေမိခြင်းကြောင့် နောက်လှည်းနေပူကာ ကိုသန်းမင်းတစ်ယောက် မူးမူးမောမောနှင့် အိပ်ပျော်ခြင်းသို့ ဒုတ်ဒုတ်ထိရောက်သွားပါလေပြီ။ ခရီးတစ်ဝက်လမ်းဘေးလယ်တဲတွင် မမျှော်လင့်ပါဘဲ သောင်တင်ကုန်ကြ၏။ ဆင်တဲဘယ်အချိန်ရောက်ရောက် ရောက်မှထမင်းစားမည်။ ဗိုက်ဆာ၍ငိုမည့်သူမပါ။ စစ်သားတွေပဲ မီးစင်ကြည့်ကရုံဟု စိတ်ကူးကာ ထင်ရာစိုင်းကြသည့် ကျွန်တော်တို့အုပ်စု လမ်းတစ်ဝက်တွင် ဂွကျကုန်၏။

ကိုသန်းမင်းအား ဘယ်လိုမှနှိုးမရတော့။ သည်တော့ အဖွဲ့ခေါင်းဆောင်ကျွန်တော် တဲရှင်အစ်မကြီးအား အားတုံ့အားနာနှင့်ပင် ထပ်မံမေတ္တာရပ်ခံရပြန်ပါတော့သည်။ အခြေအနေအရကိုး။

‘အစ်မရေ အစ်မကို အားနာစရာကြီးဖြစ်ကုန်ပြီဗျာ။ ကျွန်တော့်အဖွဲ့ထဲက တစ်ယောက် မူးမူးမောမောနဲ့အိပ်ပျော်သွားပြီ အစ်မ။ ဆင်တဲရောက်မှ စားကြဖို့ စီစဉ်ထားတာ။ အခုတော့ ဆင်တဲမရောက်နိုင်ကြတော့ပါဘူး။ အစ်မပဲ ရှိတာနဲ့ ထမင်းချက်ကျွေးပါတော့ဗျာ။ ကျွန်တော်တို့ ခရီးဆက်မရတော့လို့ပါ’

ကျွန်တော် အသနားခံရပါတော့သည်။

‘ဟုတ်လား။ ဒါဆိုလည်း ချက်ကျွေးရတာပေါ့ဟယ်။ ထမင်းဟင်းချက်တာများ ဘာခက်တာလိုက်လို့။ ဟင်းကရှိပါတယ်။ ထမင်းတစ်အိုး၊ ချဉ်ရည်ဟင်းတစ်အိုး၊ ငရုပ်သီးတစ်ဆုံဆိုရင် ပြီးပြီပေါ့။ မကြာပါဘူး။ ငါချက်ကျွေးမယ်’

သဒ္ဓါတရားအားမနည်း။ စည်းပျက်ကမ်းပျက်နှင့်တဲပေါ်တက်။ ဒုက္ခပေးကြသော ကျွန်တော်တို့အား သဘောကောင်းလှသောအစ်မက ငြိုငြင်ဟန်ပင်မပြချေ။ အလိုက်သိပေး၊ နားလည်သည်းခံပေး၏။ ထမင်းချက်ကျွေးရန် နိုးကြားထကြွစွာ ပြင်ဆင်ပေးလေပြီ။ ကျေးဇူးတင်စရာ။ ရိုသေလေးစားစရာချည်းပင်တည်း။

အစ်မကြီးက ထမင်းချက်ကျွေးရန် တာဝန်ယူပြီဆိုသောအခါ အရှက်မရှိသရက်စိ ကျွန်တော်တို့ ထူထူထောင်ထောင်သမား နှစ်ယောက် လက်ကျန်ကို အပြတ်ရှင်းရန်ပေးလိုက်ရာ တံတောင်ဆစ်ကွေးဆန့်ကြပြန်ပါတော့သည်။ တဲပေါ်မှာ လုပ်စရာ ဒါပဲရှိတာကိုး။ ပြီးနောက် အနုပညာသမားကိစ္စကို ဆက်လက်ဆွေးနွေးပြီး ထမင်းအကျက်ကိုစောင့်ရင်း လက်ကျန်ရှင်းကြ၏။

‘နင်တို့နှစ်ယောက် အရက်သောက်ပေမယ့် မူးပုံလည်းမရဘူး။ စကားတပြောပြောနဲ့ပဲ။ ကဲဒီမှာ နင်တို့အတွက်ဟင်း။ မနေ့ညနေက ဟိုဘက်တဲစုမှာ ဝက်ပေါ်လို့ ပိဿာလိုက်ဆွဲထားတာ။ နင်တို့ကို ထမင်းချက်ကျွေးရတာနဲ့ အတော်ပဲဖြစ်သွားတာ။ နင်တို့ကို အိုးလိုက်အပ်မလို့ဘဲ။ အားနာပြီး ထည့်မစားကြမှာစိုးလို့ ငါကိုယ်တိုင်ထည့်ပေးတာ။ ထမင်းဟင်းကျက်ပြီ နင်တို့ဟာနင်တို့ ကြိုက်သလောက်ခူးခပ်ထည့်ပြုစားကြ။ အားနာစရာမလိုဘူးနော်။ ငါ့မှာ အဝတ်လျှော်စရာ အလုပ်ရှိသေးတယ်။ ရေတွင်းမှာ သွားလျှော်မယ်’

ဆိုကာ ပန်းကန်အပြည့်ဝက်သားဟင်းခွက်ချထားခဲ့၍ ရေတွင်းဘက်သို့ ထွက်သွားပါတော့သည်။ အစ်မကြီးလုပ်ပုံက သင်း၏။ စေတနာပါ၏။

ကျွန်တော့်မှာ တာဝေးအပြေးသမား၊ အရက်နှင့်ခတ်တည့်သည့် သွေးအုပ်စု ‘အို’ သမားဖြစ်၍ တော်ရုံနှင့်မမူးတတ်ချေ။ အစ်မချက်ပေးထားသည့် ထမင်းဟင်းများကို စိတ်ကြိုက်ခူးခပ်စားသောက်လိုက်ကြသည်မှာ ဝက်ဝက်ကွဲ၏။ မူးမူးထွေထွေ မောမောပန်းပန်းနှင့် ဟင်းကောင်းနှင့်တုတ်ကြရပေသကိုး။

‘အစ်ကိုကြီး၊ အစ်မနဲ့ အစကတည်းကခင်လား’

ကိုမြင့်အောင်က စူးစမ်း၏။

‘မခင်ပါဘူးကွာ။ ဘယ်ရွာကမှန်းတောင် မသိဘူး။ ဒီတဲရဲ့ခပ်လှမ်းလှမ်းမှာ ဒန့်ဒလွန်ချင်းရွာ၊ ရွှေကျွန်းတော၊ ငါးဆယ်ပေး၊ ပိဿကြီး၊ အုတ်ဖို ဗမာရွာတွေရှိတယ်။ ချင်းလား၊ ဗမာလားလည်း မသိဘူး။ ဘယ်ဘာသာဝင်မှန်းလည်း မသိဘူး။ ခုမှ ဒီတဲကိုရောက်ဖူးတာပါကွာ’

ကျွန်တော်ပြောရ၏။

‘အံ့ဩစရာပဲဗျ။ ထမင်းဖိုးပေးရင် မနည်းစေနဲ့နော်။ စေတနာပါတယ်ဗျ။ ကျွန်တော်တို့ကို နားလည်ပေးရှာတယ်’

‘အင်းပါကွ’

ထမင်းဖိုးပေးရန် ကျွန်တော်စိတ်ကူးပြီးသား။ ကျွန်တော်တို့ထမင်းစားပြီးမှ အစ်မကြီးပြန်ရောက်လာ၏။

‘ကဲ အစ်မရေ။ အရမ်းစားကောင်းပါတယ်။ ကျေးဇူးတင်ပါတယ်။ ထမင်းဖိုး ဘယ်လောက်ဆိုရင် သင့်တော်မလဲ အစ်မပဲ ပြောပါ’

‘ဟဲ့ ဘာတွေလာပြောနေတာလဲ။ နင်တို့ကို ထမင်းချက်ကျွေးတာက စေတနာနဲ့ သဒ္ဓါတရားနဲ့ ချက်ကျွေးတာပါဟယ်။ တို့က ဆင်းရဲပါတယ်။ ရပ်ထဲရွာထဲမှာ လူလူသူသူတောင်မနေနိုင်ဘူး။ တစ်နှစ်လုံးလယ်ထဲမှာနေတော့ ဘုန်းကြီးကျောင်း ဆွမ်းတစ်အုပ်မပို့နိုင်ဘူး။ ဟင်းကောင်းရှိပေမယ့် သူ့မိဘ၊ ကိုယ့်မိဘဆီ ဟင်းတစ်ခွက်မပို့နိုင်ဘူး။ ငါ့မှာဟင်းကောင်းရှိတော့ ကျွေးချင်၊ မွေးချင်၊ လှူချင်၊ တန်းချင်နေတာ။ နင်တို့ရောက်လာ ထမင်းချက်ကျွေးရဖို့ ဖြစ်သွားတော့ ငါ့သဒ္ဓါတရားနဲ့ အတော်ပဲဖြစ်သွားတယ်လေ။ နင်တို့ကို ဧည့်ကောင်းစောင်သည်အဖြစ် ချက်ကျွေးရတာ ငါဝမ်းသာနေတာပါ။ ပိုက်ဆံစကား မပြောနဲ့။ ငါ့စေတနာ သဒ္ဓါတရားကို မဖျက်ဆီးနဲ့’

ဆိုသောအခါ ကျွန်တော်တို့ငမိုက်သားနှစ်ယောက် ဘာလုပ်ရမှန်းမသိတော့ချေ။ အံ့အားသင့်စရာ၊ အထူးအဆန်းကြုံကြရ၏။

‘ကိုမြင့်အောင် ထမင်းဖိုးပိုက်ဆံ အစ်မမသိအောင်ထားခဲ့ရရင် ကောင်းမလားမသိဘူးကွာ’


ကျွန်တော်တို့ ခေါင်းချင်းရိုက်ကြ၏။

‘မကောင်းဘူးထင်တယ် အစ်ကိုကြီး။ သဒ္ဓါတရားကို မဖျက်ဆီးပါနဲ့တဲ့’

‘အဲကွာ ဒီအတွေ့အကြုံက နှလုံးသားမှာ တေးမှတ်ထားစရာပဲ။ သေချာတာကတို့အစ်မဟာ ကြည်ညိုလေးစားစရာ၊ သဒ္ဓါတရားထက်သန်တဲ့ ဒီဒေသသူ၊ ပန်းတောင်းမြို့နယ်သူ၊ မြန်မာနိုင်ငံသူပါပဲ။ ငါတို့က အစ်မရဲ့သဒ္ဓါတရားနဲ့ မတန်တာက ရှက်စရာကြီးပဲကွ’

ကျွန်တော်စိတ်ပျက်လက်ပျက် မှတ်ချက်ပြုမိရပါသည်။

## စာမူနှင့် သတင်းများ ဖိတ်ခေါ်ပါသည်



**ရွှေစက်မှုဂျာနယ်တွင် ထည့်သွင်းဖော်ပြနိုင်ရန်အတွက် နည်းပညာဆိုင်ရာ ဆောင်းပါးများ၊ ထုတ်လုပ်မှုလုပ်ငန်း အတွေ့အကြုံများ၊ နည်းပညာဆိုင်ရာ Internet သတင်းများ၊ သုတ၊ ရသ၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဟာသ စာမူများနှင့် စက်ရုံနယ်မြေအလိုက်သတင်းများ၊ သတင်းဓာတ်ပုံများကို ဂျာနယ်တိုက်သို့လည်းကောင်း၊ shwesethmu@ gmail. com သို့လည်းကောင်း ပေးပို့နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။**

**စာမူများပေးပို့ရာတွင် ကိုယ်တိုင်ရေး စာမူဖြစ်ကြောင်း၊ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ အမည်ရင်း၊ ကလောင်အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန်ဖုန်းနှင့်လိပ်စာတို့ကို ဖော်ပြပေးပို့သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။**

**(ရွှေစက်မှုဂျာနယ်)**

# အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) သင်တန်းအမှတ်စဉ် (၄) ဖွင့်လှစ်

အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) ၏ သင်တန်းအမှတ်စဉ် (၄) ဖွင့်ပွဲအခမ်းအနားကို မေလ ၅ ရက်နေ့ နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းရှိ Auditorium ခန်းမ၌ကျင်းပပြုလုပ်ရာ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းကိုဖွင့်လှစ်ပေးသည်။

အဆိုပါသင်တန်းတွင် မော်တော်ယာဉ်ဆိုင်ရာ ဘာသာရပ် (၄) မျိုး၊ ကွန်ပျူတာနှင့် ဒီဇိုင်းရေးဆွဲခြင်း ဘာသာရပ် (၁) မျိုး စုစုပေါင်းဘာသာရပ် (၅) မျိုးဖြင့် တစ်နှစ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား (၁၅၀) ဦး တက်ရောက်ကြကြောင်း သိရ သည်။

ဒုတိယဝန်ကြီးသည် ထိုမှတစ်ဆင့် အမှတ် (၁၃) အကြီးစားစက်ရုံ (မကွေး)သို့ ရောက်ရှိကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။





**RESOURCES ARE LIMITED**

**CREATIVITY IS UNLIMITED**

## ကိုရီးယားနိုင်ငံသို့ ကိုယ်စားလှယ် (၄) ဦးစေလွှတ်

ကိုရီးယားစက်မှုသက်မွေးနည်းပညာ (Korea Institute of Industrial Technology - KITECH) ကကြီးမှူး၍ ကိုရီးယားသမ္မတနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ စက်မှုကဏ္ဍနှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆွေးနွေးပွဲ (International Seminar on Industrial Technology Collaboration) ကို မေလ ၁၉ ရက်နေ့မှ ၂၂ ရက်နေ့အထိကျင်းပပြုလုပ်ရာ အထည်အလိပ်လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်တင့်၊ ညွှန်ကြားရေးမှူး ဦးသိန်းလွင်၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သန္တာအောင်နှင့် အထည်အလိပ်လုပ်ငန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်မြတ်ခိုင်တို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

## အိန္ဒိယနိုင်ငံတွင် အစည်းအဝေးတက်

အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်း၏ ညှိနှိုင်းအစည်းအဝေးကို အိန္ဒိယနိုင်ငံ၌ မေလ ၁၆ ရက်နေ့မှ ၂၆ ရက်နေ့အထိကျင်းပမည်ဖြစ်ရာ Danieli India Ltd. ၏ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) မှ အထွေထွေမန်နေဂျာ ဦးတင့်ဆွေ၊ ဒုတိယအထွေထွေမန်နေဂျာ ဦးမောင်မောင်စိုး၊ လက်ထောက်အထွေထွေမန်နေဂျာ ဦးနေဝင်း၊ မန်နေဂျာ ဦးဝင်းလှိုင်နှင့် လက်ထောက်မန်နေဂျာ ဦးကျော်စွာဝင်းတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

## ထိုင်းနိုင်ငံတွင် အလုပ်ရုံဆွေးနွေးပွဲတက်

နယူးဇီလန်အထောက်အပံ့အစီအစဉ် (Newzeland Aid Program-NZAP) ၏ အထောက်အပံ့ဖြင့် ထိုင်းနိုင်ငံ၊ မဲခေါင်တက္ကသိုလ် (Mekong Institute) က ကြီးမှူး၍ ထိုင်းနိုင်ငံတွင် မေလ ၁၉ ရက်နေ့ မှ ၂၃ ရက်နေ့အထိကျင်းပပြုလုပ်မည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းအစုအဖွဲ့များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲသို့ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်တက်ရောက်ကြောင်း သတင်းရရှိသည်။

## စက်မှုဝန်ကြီးဌာနမှ ချမှတ်ထားသည့် စက်မှုကဏ္ဍဆိုင်ရာမူဝါဒ

(၁) ခေတ်မီစိုက်ပျိုးရေးကိုအခြေခံ၍ စက်မှုနိုင်ငံတော်အဆင့်သို့ တက်လှမ်းရေး၊ လယ်ယာအခြေခံစက်မှုလုပ်ငန်းများ၊ လယ်ယာထုတ်ကုန်တန်ဖိုးမြှင့်ထုတ်လုပ်သည့်လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်တိုးတက်စေရေးနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်ရင်း အကြီးစားစက်မှုလုပ်ငန်းများ ဆက်လက်ထူထောင်ရေး။

(၂) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်ပြီး အကြီးစားစက်မှုလုပ်ငန်းများအား ဆက်လက်ထူထောင်ခြင်းဖြင့် သွင်းကုန်အစားထိုးထုတ်ကုန်နှင့် ပြည်ပပို့ထုတ်ကုန်များ တိုးမြှင့်ရန်အတွက်ဆောင်ရွက်ရေး။

(၃) စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍ၊ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုကဏ္ဍပိုမိုမြှင့်တင်ရေးကို ဦးစားပေးပြီး၊ နည်းပညာ၊ အတတ်ပညာနှင့် ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်ရေး။

(၄) ပြည်တွင်းရှိသယံဇာတ ကုန်ကြမ်းပစ္စည်းများကို ထိရောက်အကျိုးရှိစွာ အသုံးပြုပြီး တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရေး။

### ရည်မှန်းချက်

(၁) ခေတ်မီစိုက်ပျိုးရေးကိုအခြေခံသော ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြိုးပမ်းရမည်။

(၂) နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလုပ်ကိုင်ခွင့်ရှိစေရန်အတွက် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ရမည်။ ၎င်းမှတစ်ဆင့် လိုအပ်မည့် အကြီးစားစက်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရမည်။

## ပန်းတောင်းနေမင်းထင်သို့ အမှတ်တရ



✍ စာပေစင်မြင့် ငွေကြယ်ပွင့်မို့
ကြွေလွင့်ရက်စော နှမြောတမ်းတ
လွမ်းတသသ ဝဲကျမျက်ရည်
တွေးကိုယ်စီနှင့် တည်ကြည်ခန့်ငြား
စာ စကားတို့ ထူးခြားဂုဏ်ရည်
စုံညီကဗျာ စာပေလွှာကို
လက်ာပန်းပိုး ရှာသွန်းဖြိုးကာ
လူမျိုးအကျိုး သူသယ်ပိုးခဲ့....။
✍ နိုင်ငံ့ဝန်ထမ်း သူလျှောက်လှမ်းချိန်
သက်တမ်းတွက်စစ် နှစ်ခြောက်ဆယ်သို့
သယ်ပိုးကာလ နှစ်လမျှကျန်
နေ့ညအစဉ် လုပ်ငန်းခွင်၌
ပူပင်သောက လွဲပြောင်းအစစ
အတ္တမာန်ကင်း စာရင်းအင်းတို့
ယိုယွင်းမရှိ လွှဲအပ်ထိမိ
ပြည်သူ့ဝန်ထမ်း ခရီးလမ်းတွင်
ကြိုးပမ်းလီလီ တာဝန်စီညီ
ယုံကြည်ချက်ကောင်း
ဝန်ထမ်းကောင်းမို့
ဝမ်းကျောင်းရေးတွက်
မျှော်လင့်ချက်ဖြင့်
နေ့ဆက်ချွေးသွေး သူမပေးလို့
တွေးခေါ် ထက်မြက် ခံယူချက်ဖြင့်
ဆက်လက်ချီတက် ဌာနတွက်မို့
မပျက်လျှောက်လှမ်း သူဝန်ထမ်း....။
✍ သေမင်းတမံ လေဖြတ်ဒဏ်ဖြင့်
မြန်စွာမနှေး ဒုက္ခပေးအပ်
သက်ပေးညွှန်ပြ ကျန်းမာကြဖို့
များစွာပေါင်းသင်း နှိုးဆော်ခြင်းနှင့်
နေမင်းထင်က တရားပြခဲ့
ဘဝသိပေး ကျန်းမာရေး....။
✍ မွေးဖွားအစ သေခြင်းအဆုံး
လောကလူ့ရွာ စမ္မတာမို့
ဝေဆာပွင့်ဟ ဆွေးနွေးကြချိန်
ဘဝ 'စ' လေ အဆုံး 'ဇွေ' ဖို့
တွေ့ဝေနေလည်း ရှောင်မလွဲနိုင်
အမြဲပြောကြား သူ့စကားက
တို့များရင်တွင်း ပူဆွေးခြင်းဖြင့်
လမင်း ပျောက်ကွယ်သည့်ပမာ....။

တင်ကြည်ဦး (စစ်ငြိမ်းအေး)

# ဝေခြင်း၊ ကြွေခြင်းနိယာမ

'ပန်းတောင်းနေမင်းထင် ဆုံးသွားပြီ ဆရာ' သာဂရစက်ရုံမှ ရုံးချုပ်သို့ပြောင်းရွှေ့လာသော ဝန်ထမ်းအမျိုးသမီးငယ်လေးက သတင်းပါးလာသဖြင့် မပြည့်လေသောကိုယ့်ဆုတောင်းဖြစ်ကာ စိတ်မကောင်းဖြစ်ရလေသည်။

လွန်ခဲ့သည့်ရက်အနည်းငယ်က သိရသည့်သတင်းအရ သကြ်န်ပိတ်ရက်မိသားစုနေထိုင်ရာ ပန်းတောင်းမြို့သို့အပြန် နေအိမ်၌လေဖြတ်သွားကြောင်းမျှသာ။ သို့အတွက် ထို့ထက်အခြေအနေပိုမဆိုးပါစေနဲ့ဟု တစ်ကိုယ်တည်းဆုတောင်းနေခဲ့မိသည်။ ယခုကြားသိလိုက်ရသည့်သတင်းအရ စိတ်မကောင်းဖြစ်မှုနှင့်အတူ သူနှင့်ဆုံခဲ့ဖူးခဲ့သည်များကိုလည်း ပြန်လည်အမှတ်ရမိသည်။

'ဂျာနယ်ထဲမှာပါနေတဲ့ ကဗျာလေးတွေကတစ်မျိုးပဲနော်' ဟု ကဗျာသမားဆရာနေမင်းထင်က ဝေဖန်အကြံပြုဖူးသည်။ ထိုစဉ်က မိမိဝန်ထမ်းထဲမှကလောင်အသစ်များ၊ ဝါသနာရှင်များ သူတို့၏စေတနာများကိုအသိအမှတ်ပြုသည့်အနေနှင့် လိုအပ်သလိုတည်းဖြတ်ရွေးချယ်ဖော်ပြခြင်းသာဖြစ်၍ နားလည်ပေးစေချင်ပါကြောင်း ရှင်းလင်းပြောဆိုမှုကို သူနားလည်လက်ခံသဘောပေါက်သွားသည်။ တစ်ယောက်တစ်နေရာစီဖြစ်၍ ထိုတစ်ကြိမ်လူချင်းဆုံပြီးနောက် နှစ်ပေါက်အောင်မဆုံဖြစ်ခဲ့။ လူချင်းမဆုံငြား သူ၏ကဗျာစာမူလေးများကတော့ မှန်မှန်ရောက်လာခဲ့သည်။သူ၏ကဗျာလေးများက ဘဝဆန်သည်။

ယခုနှစ်မတ်လအတွင်းက သူတာဝန်ထမ်းဆောင်ရာ သာဂရစက်မှုနယ်မြေသို့ သတင်းတာဝန်ဖြင့်ရောက်ခဲ့စဉ် ဆရာတင်ကြည်ဦးနှင့်အတူ တကူးတကလာတွေ့ပြီး သံပရာရည်အေးအေးလေးတစ်ခွက်ဖြင့် တည်ခင်းဧည့်ခံလိုက်မှုကို ကျွန်တော်မမေ့။ ခေတ္တဆုံတွေ့ခိုက် စာအကြောင်း၊ ပေအကြောင်း၊ ကျန်းမာရေးဂရုစိုက်မှုအကြောင်းမျှသာ ပြောဖြစ်ခဲ့သည်။ သူမကြာမီ ပင်စင်သွားတော့မည့်အကြောင်းကိုလည်း သိခဲ့ရသည်။ ထိုလအတွက် ရွှေစက်မှုဂျာနယ်၌ သကြ်န်အမီသူရေးခဲ့သော 'ဝန်ထမ်း သကြ်န်အပြန်ခရီး' ကဗျာဖော်ပြပါရှိကြောင်း ပြောပြသဖြင့် သူဝမ်းသာကျေနပ်နေသည်။ယင်းမတိုင်ခင်ကလည်း' ပင်စင်စားတို့အိမ်အပြန်' ကဗျာလေးပါလာခဲ့ဖူးသည်။



ဆရာနေမင်းထင်နှင့် ဤအကြိမ်တွေ့ဆုံမှုသည် နောက်ဆုံးဖြစ်လိမ့်မည်ဟု ကျွန်တော်မထင်မိသလို သူလည်းထင်မိလိမ့်မည်မဟုတ်။ ထို့ကြောင့်လည်း ပင်စင်သွားလည်း ကဗျာတွေပို့ပေးပေါ့ဆရာရယ်ဟု ကျွန်တော်ပြောခဲ့ဖူးသည်။ ယြော် အခုတော့ ကဗျာကိုချစ်သောဆရာ၊ သူချစ်သောသူ့မိသားစု၊ မိတ်ဆွေအပေါင်းအသင်းများကို အပြီးတိုင်နှုတ်ဆက်ထွက်ခွာ သွားခဲ့ပါပြီကော။ နောက်ဆုံးသူရေးခဲ့သော 'ဝန်ထမ်းသကြ်န် အပြန်ခရီး' ကဗျာက သူ့အတွက်နှုတ်ဆက်သည့်အလား ကျွန်တော်တွေးထင်လိုက်မိသည်။

### ဝန်ထမ်းသကြ်န် အပြန်ခရီး

– ပိတ်ရက်ရှည်
(၁၀) ရက်အတွင်းမှာလ
ဝမ်းသာခြင်းတွေ တသွင်သွင်နဲ့
ပြန်ဖို့ပြင်ပြီ...။

စာမျက်နှာ ၁၉ သို့ -

# ကျွန်ုပ်တို့သည် ပြည်သူ၏အခွန်အတုတ်များမှ လစာစားနေကြသည့် ပြည်သူ့ဝန်ထမ်း (Public Servant) များဖြစ်သည်ကို အမြဲမမေ့အပ်ပါ။

## တရုတ်နိုင်ငံသို့ သင်တန်းသားတစ်ဦး စေလွှတ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (Ministry of Commerce -MOFCOM) ကချီးမြှင့်သည့် ပညာသင်ဆုအရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ချန်ရှမြို့တွင် ဧပြီလ ၁၇ ရက်နေ့မှ ဇွန်လ ၁၁ ရက်နေ့အထိဖွင့်လှစ်မည့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် စက်ပစ္စည်းများအသုံးချခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာသင်တန်းသို့ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၃၃) အကြီးစားစက်ရုံ (ကျောက်ဆည်) မှ လက်ထောက်အထွေထွေမန်နေဂျာ ဦးကျော်သူထွန်း တက်ရောက်ကြောင်းသိရသည်။




- နေအရှိန်ကောင်း
နွေမိန်တပေါင်း
ရှက်ပေါင်းလည်းကြွေ
လေရှူးပွေ.....။
- နွေနေကပူ
လေပွေကထူ
မှိုးမကူ
နှင်းမကျ
ခြောက်သွေ့လှတယ်.....။
- အသိရယ်ယှဉ်
သတိဝယ်သမ္ဗဇဉ်နှင့်
ပြည်တစ်ခွင်ထူထောင်မှု
မီးသတိပြု....။

THZ (ပခုက္ကူ)

စာမျက်နှာ ၁၈ မှ -

– ကြည့်
ကုန်းလမ်း ရေလမ်း
ရေလမ်း ကုန်းလမ်း
ဖြတ်သန်းကာ အလီလီနဲ့
ရပ်ဌာနီ ရောက်ဖို့အရေး
ငွေကုန်ကြေးကျ များလှပေမယ့်
ခွင့်သာတုန်းပေမို့
အပြုံးကိုယ်စီပန်လို့
ဌာနေပြန် ဝန်ထမ်းတွေတို့
လူပန်း ငွေပန်းပေမယ့်
စိတ်မပန်း ရွှင်လန်းကြည်
ရပ်ဌာနီ အပြန်ခရီး...။
– ကြော်
သကြန်တွေအလီလီ ပေါင်းပေမယ့်
တစ်နှစ်ပြောင်းတိုင်း ပြောင်းတိုင်း
မပြောင်းနိုင်တဲ့ အပြန်ခရီး
မညောင်းနိုင်တဲ့ အပြန်ခရီး
မနှောင်းနိုင်တဲ့ အပြန်ခရီး
အို... တကယ်
မပေါင်းနိုင်တဲ့ အပြန်ခရီး...။

ပန်းတောင်းနေမင်းထင်

သာမန်နာမကျန်းဖြစ်ပြီး ကွယ်လွန်ခြင်းကိုခံစားနားလည်နိုင်ပါသည်။ ယခုမူ သူ၏သကြန်အပြန်ခရီးက သူ့ကဗျာထဲကအတိုင်း မပေါင်းနိုင်တဲ့အပြန်ခရီးဖြစ်သွားခဲ့လေပြီ။

ရင်တွင်းအပူနှင့် အပြင်ကအပူရှိန်တို့က ကျွန်တော့်ကိုခံရခက်လှစေသည်။ အတွေးများကိုဖယ်လိုက်သောအခါ ကျွန်တော့်ရှေ့ ပြတင်းပေါက်မှကျော်မြင်နေရသော မြင်ကွင်းက ကဗျာမဆန်တော့။အရွက်များကင်းမဲ့နေသည့် အရိုးပြိုင်းပြိုင်းနှင့်အပင်များ၊ ရွက်နုဝေနေသည့်အပင်များ၊ လေပူအဝေ့မှာ တဖြောက်ဖြောက်နှင့်ကြွေလွင့်နေသော ရွက်ဝါများက ပူပြင်းလှသည့် နေရောင်အောက်မှာ။ ကဗျာချစ်သောဆရာသာရှိနေသေးလျှင် နွေအလှကို စာသနေပေလိမ့်ဦးမည်။ ကျွန်တော်ကတော့ ကြွေလွင့်ရွက်ဝါများနှင့်ရွက်သစ်ဝေနေသည့် သစ်ပင်ငယ်အချို့ကိုကြည့်ရင်း အတွေးပုစ္ဆာတစ်ခုထုတ်ကြည့်မိလိုက်သည်-

**‘ကြွေခြင်းသည် ဝေခြင်းရဲ့အစလေလား’**

**သို့မဟုတ်**

**‘ဝေခြင်းသည် ကြွေခြင်းရဲ့အစလေလား’** ဟူ၍. . . . ။

(၂၅-၄-၂၀၁၄) ရက်နေ့တွင် ကွယ်လွန်သွားခဲ့သော ကစစ (၂၆) စက်ရုံမှ အလုပ်ရုံစုမှူး ဦးနေဝင်း (ကလောင်အမည် - ပန်းတောင်းနေမင်းထင်) သို့ အမှတ်တရ။

နော်ပြေတီဦး

## လမ်းမှားဝင်ရောက်လာသော မြွေကြီး



ဧပြီလ ၂၈ ရက်နေ့ နံနက် ၆ နာရီခန့်တွင် ပညာသိဒ္ဓိရပ်ကွက်၊ တိုက်- ၄၈၊ အခန်း- ၀၂ သို့ လုံးပတ် ၆ လက်မခန့်၊ အရှည် ၁၀ ပေခန့်ရှိ King Cobra မြွေကြီးတစ်ကောင် လမ်းမှားဝင်ရောက်လာခဲ့သဖြင့် ဆာဖာရီဥယျာဉ်မှ မြွေဖမ်းဆရာအားဆက်သွယ်ခေါ်ယူ၍ ဖမ်းဆီးစေခဲ့ပြီး တိရစ္ဆာန်ဥယျာဉ်သို့ ပေးပို့ခဲ့ကြောင်း သိရသည်။


Industrial Training Center ( Magway )
Gasoline-Injection